www.burmeseclassic.com

ရှာနယ်ကော်မမလေး

# ရွှေလင်းယုန်

ဒုတိယအကြိမ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၄၂ / ၂၀၀၁ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၈၇ / ၂၀၀၁ (၃)

စီစဉ်သူ ■ ဦးသိမ်းစိုး
အကြိမ် ■ ဒုတိယအကြိမ် ၂၀၀၁ ခု၊ မေလ
အုပ်ရေ ■ (၁၀၀၀)
ထုတ်ဝေသူ ■ ဒေါ်ရွှေအိမ်၊ တိုင်းလင်းစာပေ၊
၈ / ၆၅ - အုပ်စု (၃) အောင်သိဒ္ဓိလမ်း
အတွင်းစာစီ ■ ပုလဲ (သီဟရတနာ)
မျက်နှာဖုံး ■ ဒေါ်မာလာသိန်း Infinity
အတွင်းပုံနှိပ် ၁၆၂၊ ၃၃-လမ်း၊ ကျောက်တံတား။
မျက်နှာဖုံးပန်းချီ ■ ကိုဆန်း Glory
စာအုပ်ချုပ် ■ I.C.G (Infinity) Perfect Binding
တန်ဖိုး ကျပ်

www.burmeseclassic.com

www.burmeseclassic.com

**သီမာရတနာစာပေမှ ထုတ်ဝေပြီးစာအုပ်များ**

၁။ ဂျာနယ်ကျော်မမလေး၏ သူမ
၂။ ဂျာနယ်ကျော်မမလေး၏ ရင်မှတစ်ရှိုက်
၃။ ဂျာနယ်ကျော်မမလေး၏ မေတ္တာ
၄။ ဂျာနယ်ကျော်ဦးချစ်မောင်၏ သူ
၅။ ဂျာနယ်ကျော်မမလေး၏ နတ်ရေးငယ်ရွှေစာ
၆။ ဂျာနယ်ကျော်မမလေး၏ ကမ္ဘာမြေဝယ်
၇။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အိမ်ကြီးမာယာ
၈။ ဆောင်းဝင်းလတ်၏ လွှမ်းလောက်ပေသည်
၉။ ဂျာနယ်ကျော်မမလေး၏ စိတ်
၁၀။ ပါရဂူ၏ ဘုရားကျောင်းတံမြက်လှည်းသမား
၁၁။ လေသူရဲတစ်ဦး၏ သေခြင်းနှင့်အားမာန်
၁၂။ ဂျာနယ်ကျော်မမလေး၏ သူလိုမိန်းမ
၁၃။ မောင်သိန်းတန်(နှမလက်လျှော့)၏ သည်အရွယ်
၁၄။ ဒေါက်တာခင်လေးမြင့်၏ My Grammar (မြန်မာ၊အင်္ဂလိပ်၊ ပြင်သစ်)
၁၅။ ဂျာနယ်ကျော်မမလေး၏ ရွှေလင်းယုန်

**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**

၁၆။ ဂျာနယ်ကျော်မမလေးတင်ပြသည့် ပုဂ္ဂလပညတ်
၁၇။ လေသူရဲတစ်ဦး၏ မုန်တိုင်း
(DESMOND BAGLEY ၏ Wyatt's Hurricane)
၁၈။ မြတ်ဆွေ၏ စာရေးဆရာတို့၏အနီးအဝေးပုံရိပ်
၁၉။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ကမ္ဘာကြီးပျက်စီးလုနီးပြီလော
၂၀။ မိချမ်းဝေ၏ အလွမ်းပင်ဆင့် ကျွမ်းရင်နင့်
၂၁။ မောင်ညိုပြာ၏ စိတ္တဇရုပ်မြင်သံကြား
၂၂။ ဂျာနယ်ကျော်မမလေး၏ မာလာရီ

www.burmeseclassic.com

www.burmeseclassic.com

## မဏောဓမ

ပဲခူးရိုးမတစ်ခိုတွင် . . .

တစ်ခဏာဆီက ကောင်းစွာ လင်းလျက်ရှိရာမှ . . .

ရွက်တရက် ချက်ချင်း ကြည့်ရင်း ကြည့်ရင်းပင် မိုးတိမ်များ အလိပ်လိုက် အလိပ်လိုက် တက်လာပြီးလျှင် အထပ်လိုက် အထပ်လိုက် ရဲဝန်းဆိုင်းဆို့လိုက်သောကြောင့် တောင်တလွှားတွင်သာမဟုတ် မိမိတို့ရွာတလေးများဆီမှာပင် မှိုင်းမှိုင်းညို့ညို့ဖြစ်နေသည်ကို တွေ့ရလေ၏။

စောစောက ခြစ်ခြစ်တောက်ပူလောင်လျက် အိုက်စပ်စပ်ကြီး ဖြစ်နေရာ မိမိအဖို့ ဤမျှ အိုက်စပ်ပူလောင်ခြင်းဒဏ်ကို အတန်ငယ် ကျင့်သားရ၍ ခံယူနိုင်သလောက် ခံယူနိုင်ပြီဖြစ်သော်လည်း ယခု မိုးသားတလေးများ၏အစွမ်းဖြင့် အပူရှိန် ယုတ်လျော့သွားသည့်အခါတွင် အအိုက်အစပ်မှာ သိသိသာသာကြီး ပျောက်ကွယ်လွင့်စဉ်သွားသောကြောင့် မိုးသားတလေးများကိုပင် ကျေးဇူးတင်မိလေ၏။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

မိမိတွင် လော့ဟူငြားအံ့၊ မိမိသာလျှင် ဤမိုးသားတိမ်လိပ်များကို ဆော့ဆူးတင်စွာဖြင့် ခရီးကြိုဆိုကာ နှစ်မြို့က်ရွှင်မြူးနေမိသည်မဟုတ်ဘဲ ရွာထဲရှိ တလေးများသည်လည်း သူတို့၏ ကိုင်တွယ်နေကျ တစားစရာ တလေးများကိုစွန့်ပစ်ကာ 'မိုးတွေတက်လာပြီဟေ့ . . . မိုးရွာတော့မယ်' ဟု တိမ်လိပ်များကို လက်ညှိုးထိုးညွှန်ရင်း ခုန်သူခုန် ပေါက်သူပေါက်နှင့် ယောက်ယက်ခတ် ဝမ်းသာမြူးထူးနေသည်ကို တွေ့ရသည့်အတွက် ထိုသို့ သူတို့ဝမ်းသာမြူးထူးခြင်းကို မြင်ရသည့်သူမှာ အပျော်ခာတ် ကူးစက်ကာ မြူးထူးခုန်ပေါက်ချင်အောင်ပင် ဖြစ်လာခဲ့လေ၏။

ကွင်းမြင်များကို ဖြတ်ကျော်၍ ကြည့်လိုက်လျှင် စောစောက ပူလောင်လွန်းလှသောကြောင့် အလွန်မှုပ်းရိလေးလံ ထိုင်းမှိုင်းစွာနှင့် လှုပ် ရှားသွားလာနေသော ကျွဲနွားများနှင့် မြင်းများမှာ မိုးပေါ်သို့မော့၍ နှုတ် သီးဖြင့် အနံ့ခံသူနှင့် အမြီးနှံ့သူနှံ့၊ မြူးပျော်လျက်ရှိသည်ကို တွေ့မြင်နိုင် ၏။

ထိုအတွင်း ရှောင်တခင် မိုးသက်ကလေး ဖွေ့ယမ်းတိုက်ခတ်လာ သောကြောင့် နေပူရှိန်အောက်မှာ လေးငါးခြောက်လခန့် ဝပ်၍နေခဲ့ရ သော သစ်ပင်ကြီး သစ်ပင်ငယ်တို့မှာ ယခုမှပင် ရန်သူ၏ ချုပ်နှောင်ရာ လက်တွင်းမှ လွတ်မြောက်လာကြသည့်အလား အားရဝမ်းသာ ဘယ်ညာ လူးလွန့် အညောင်းဆန့်နေကြသည်။ ယခင်က မိမိတို့အား ကယ်တင်မည့် သူပေါ်မလာ၊ ယခုမှ ပေါ်လာသဖြင့် ဝမ်းသာအားရ လှုပ်ရှားပြလျက် နှုတ်ဆက်ကြ သီးကြိုကြသည်။

လွန်ခဲ့သည့် နှစ်မိနစ် သုံးမိနစ်ခန့်က ပူလွန်းအိုက်လွန်းသဖြင့် မလှုပ် ချင် မရှားချင် မလှုပ်နိုင် မရှားနိုင် ဖြစ်နေရာမှ ယခုသော် . . . လတ် တလော ချက်ချင်း ရွာကလေးတစ်ရွာလုံး တလေးရော လူကြီးပါမကျန်



www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်ကျွဲနွားများပါ မလွတ် မသက်ဓာတ်အားး ပြန်လည်ဝင်ရောက်ကာ ရှင်လန်းလာကြသည်ကိုတွေ့ရသည့်အခါမှပင် စောစောက အဘယ်မျှ လောက် အရှင်လတ်လတ် သေသကဲ့သို့ ဖြစ်နေကြသည်ကို သတိပြုမိနိုင် တော့၏။

စင်စစ်သော်ကား ဤသဘောတရားကို ကျွန်တော့်အဖို့ရာတွင် ယခု မှ သတိပြုမိသည်မဟုတ်။

လွန်ခဲ့သည့် လေးငါးဆယ်နှစ်ကပင် သတိပြု ဆင်ခြင်မိခဲ့သည်ဟု ကောင်းစွာ ပြောနိုင်လေသည်။

ဤသဘောတရားကိုသာမဟုတ်၊ ဤသဘောတရားတမျှ အလား တူသောသဘောတရားများကိုသော်လည်းကောင်း၊ ဤသဘောတရား ထက် ပိုမို လေးနက်သော သဘောတရားများကိုသော်လည်းကောင်း ကောင်းစွာ သတိပြု ဆင်ခြင်မိသည့်အတွက်ပင် ကျွန်တော်သည် ယခု နေရာသို့လာကာ ယခုအဖြစ်မျိုးတွင် ရောက်ရှိနေခြင်းဖြစ်ပေ၏။ ဤ စကား၏ ဟုတ်မှန်ခြင်းကို ကျွန်တော့်ထက် ပိုမို သက်သေခံနိုင်သောသူ မှာ အယုတ်အားဖြင့် တစ်ကျိပ်ထက်မလျော့နိုင်ကြောင်းကို ပြန်လည် ရေတွက် စဉ်းစားလိုက်မိသောအခါ . . .

နောက်ကြောင်းတို့သည် တစ်ခုပြီးတစ်ခု စီကာစဉ်ကာ ပေါ်ထွက် လာလေ၏။

တဖြည်းဖြည်း တိုးတက် ပိုမိုပြင်းထန်လာသော မိုးသက်လေကလေး သည် ဦးနှောက်ထဲတွင် အတင်း အုပ်ဆိုင်းဖိနှိပ်၍ ချုပ်နှောင်ထားအပ် သော နောက်ကြောင်းအဖြစ်အပျက်စာအုပ်ကလေး၏ စာရွက်များကို အတင်းဝင်ရောက် မွှေ့ယူပြီးလျှင် တစ်ရွက်ပြီးတစ်ရွက် အချက်ကျ လှန်၍ ပြပေးနေဘိသကဲ့သို့ မှတ်ထင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## မိုး၏ ကျေးဇူး

လွန်ခဲ့သော လေးငါးနှစ်က ခေတ်ပုံဟုဆိုလျှင် ယခုအချိန်တွင် တစ်မျိုးမဟုတ် တစ်မျိုး မေ့မှိန်ပိုးဝါး၍ဖြစ်စေ၊ ပိုးစာခြတက်၍ဖြစ်စေ ပျက်ပြားနေလိမ့်မည် ဖြစ်သော်လည်း မှတ်ဉာဏ်ထဲ၌ အမြဲကိန်းအောင်းနေခဲ့သောခေတ်ပုံမှာကား ယခုလောလောဆယ် မျက်စိအောက်တွင်ပင် ရိုက်ယူ ဆေးကူးလိုက်သကဲ့သို့ပင် လွန်စွာပင် ရှင်းလင်းပြတ်သားလှပေ၏။

အတင့်ဇာလေး၏ ထိုနေ့က မျက်နှာကလေးကို ယခုတိုင် ပြတ်ပြတ်သားသားကြီး အမှတ်ရနေသေး၏။

သီဟရထနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအဆင်း အိမ်သို့အပြန် လမ်းမတ်တတ်ကြီး၌ မိုးမိခဲ့ရာတွင် ထိန်ပင်ကြီးအောက်သို့ ဝင်ရောက်မခိုနိုင်မီ ပက်ဖျန်းလိုက်သော မိုးရေမိုးပေါက်ကလေးများသည် အတင့်၏ မျက်နှာကလေးပေါ်၌ အစုလိုက် အစုလိုက် ဝပ်၍နေကြတုန်းပင်။

ဆံစကလေးများပေါ်တွင် တွဲလွဲခိုလျက်ရှိသော မိုးပေါက်ကလေးတို့သည် အသည်းယားစရာကောင်းသော အစွန်အဖျားနေရာမှ ပိုမို၍ ညီညွတ်သော နဖူးပြင်ဆီသို့ ဆင်းရကောင်းနိုးနိုး၊ မဆင်းရကောင်းနိုးနိုးနှင့် ရပ်နားတွေဝေပြီး စဉ်းစားနေကြတုန်းပင် ရှိလေ၏။

တစ်ခဏမျှ ကြာသောအခါ လေပြင်းတစ်ချက်ဝှေ့၍ သဲမဲစွာ ပက်ဖျန်းလိုက်သော မိုးရေမိုးပေါက်များသည် ပေါင်ဒါမှုန့် အလိုက်သင့် နေ့ခြယ်ထားသဖြင့် ဖြူဖွေးညီညွတ်နေသော မျက်နှာပြင်ကလေးမှ ပေါင်ဒါမှုန့်များကို အတင်းတိုက်ဖျက် ဖယ်ရှားပြီးနောက် နဂိုအသား၏ ဖြူဖွေးသော အပြင်တွင် စိမ်းလဲ့လဲ့တစ်မျိုး၊ နီးမြန်းမြန်း တစ်သွယ်၊ ခက်မြွာစီခြယ်လျက်ရှိသော ကြောသေး၊ ကြောငယ်တို့ကို လှလှဝဝကြီး ကြည့်ရှုလေတော့ဟု လှပ်၍ပြပေး၏။

ပေါင်ဒါလိမ်းခြယ်ထားသည်ကို အမြဲမြင်ခဲ့ရာမှ ယခုလို မိုးပေါက်များ၏အကူအညီဖြင့် ပကတိအသား အရည်အသွေးအရောင်ကို မြင်သောအခါ "တင့်ကလေး၏"သဘောကို နားမလည်နိုင်အောင်ပင် ရှက်တရက် ဖြစ်မိသည်။

အဘယ်ကြောင့် ထိုထက်လှသော အလှကို ထိုထက်မလှသော ပေါင်ဒါဖြင့် ဖုံးဖိ၍ ထားချင်ရပါလိမ့်မည်နည်း။

ပေါင်ဒါလိမ်းလိုက်သောအခါ မျက်နှာပြင် တစ်ပြေးတည်း ညီညာစွာ ဖြူဖွေးလျက် ရှိရှိသာရှိလျက်၊ ယခုကဲ့သို့ ပေါင်ဒါမရှိသည့် အခါတွင်



www.burmeseclassic.com

www.burmeseclassic.com



ကား ဖြူဖွေးသည့် အသားပြင်ပေါ်၌ အလွန့်အလွန် နုနယ်သေးငယ်သော အကြောစိမ်းကလေးများ၊ အကြောနီကလေးများ ယှက်သန်းနေကြသည့် အတွက် ပိုမို၍ကြည့်ကောင်းသည် မဟုတ်ပါလော။

ရွှေပေါ်တိုက်စားပြီး သစ်သားဟောင်းတစ်ခုကို ဆေးအထပ်ထပ် တင်၍ တိုက်သုတ်ထားခြင်းဖြင့် တစ်ပြေးတည်း ညီညာမှုကိုသာ ရှေးရှုခြင်း ထက် သူ့နဂိုအကွက်များ၊ အကြောများကို အလိုက်သင့် ဖော်ပြပေးထား ခြင်းက စင်စစ် ပိုမို၍ ကြည့်ရှုကောင်းသကဲ့သို့ အတင့်ကလေးမှာ ယခုလို အတိုင်းသာ ကြည့်ကောင်းချင်တိုင်း ကြည့်ကောင်းနေတော့သည့်အတွက် စူးစူးစိုက်စိုက်မှင် ကြည့်နေမိ၏။

သို့သော် အတင့်ကား သူ့အား စိုက်ကြည့်နေသည်ကို ဂရုမစိုက်နိုင် ဘဲ ပိုမိုသဲသည်ထက် သဲမဲလာသော မိုးကို ကြည့်ရင်း နှုတ်ခမ်းကလေးများ စူကာ. . .

"သိပ်ဆိုးတာပဲ ကိုဝေ၊ အတင့်တော့ ဒီမိုးကို ဘယ်လိုမုန်းမှန်း မသိ ဘူး၊ သိပ်မုန်းတာပဲ၊ ကြည့်ပါလား၊ မဆင်ဘဲနဲ့ ဖြုန်းခနဲ ရွာချတာကို ဟိုသစ်ပင်ကြီးအောက်က လူတွေလဲ အတင့်လိုပဲ မိုးရွာမယ် မထင်လို့ ထီးကလေး ဘာကလေး ယူမလာတာနဲ့ ရွဲကုန်ပြီ ကြည့်ပါဦး၊ ဟိုမှာလဲ ဈေးသည်တွေ ဒုက္ခရောက်လိုက်ကြတာ၊ ဈေးပန်းတွေ ဒီတိုင်း ပစ်ခဲ့တဲ့ လူတွေတော့ ပက်လက်လန်ရော၊ သူတို့ အမြတ်ကလေးတွေ ကုန်ရော ပေါ့၊ မိုး. . . မိုး. . . သိပ်ကိုဆိုးတဲ့မိုး"

ပထမတော့ ကျွန်တော်အား လှမ်း၍ပြောနေပြီး စကားအဆုံးသတ် တွင် သူ့ဘာသာသူ ပြောနေသကဲ့သို့ တစ်လုံးချင်း လေးလေးပင်ပင် ပြောလေ၏။

ထို့နောက်မှ သတိရသွားသကဲ့သို့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ကိုဝေလဲ ရှုံလို့ပါပဲလား၊ ဒီလိုဆိုရင် ကိုဇော့မိုးကာကို ကိုဝေပဲ ပြန်ယူလေ၊ အတင့်ဘက်က ဒီသစ်ကိုင်းကြီးကွယ်နေလို့ နည်းနည်း သတ်သာတယ်၊ ရော့. . . ရော့"

ဟု ပြောပြောဆိုဆိုနှင့် ချွတ်ပေးမည် လုပ်သောကြောင့် ကျွန်ုပ်တော်က မျာယီးမျာယာပင်. . .

"အို. . . နေပါစေ၊ ကိုဇော့ကို စိုလို့ မထူးပါဘူး၊ အတင့်သာ မစိုစေချင်လို့ ထမင်ပေးတာ၊ ဝတ်. . . ဝတ်ထား"

ဟု ကသောကမျော တားရလေ၏။

သို့ရာတွင် တား၍မရဘဲ အတင်းချွတ်ပေးနေမည် စိုးသောကြောင့် စကားတို လှည့်လွှဲကာ. . .

"အတင့်. . . မိုးကို သိပ်ပြီး မုန်းသကိုး၊ မိုးဟာ. . ."

"အို. . . ကိုဝေ ဘယ်လိုပဲ မိုးဘက်က ရှေ့နေလိုက်လိုက်၊ မိုးဆိုရင် လူတိုင်းမုန်းတာပဲ၊ ကြည့်ပါလား၊ ဟိုမှာ. . . လူတွေ လူတွေ ကြွက်စုတ်ဖြစ်နေကြတာ၊ ဒါနဲ့တောင် မိုးကို ကျေးဇူးတင်ရဦးမှာလား"

ဟု စကားကို ကုန်အောင် မပြောရမီ ကြားဝင်ဖြတ်ပြောသောကြောင့်. . .

"ဒါက ဒီလိုရှိတယ် အတင့်၊ ကိုဝေ ဘယ်သူ့ဘက်ကမှ ရှေ့နေလိုက်တာမဟုတ်ပါဘူး၊ မိုးနဲ့ ပတ်သက်ပြီး ဒီလူစုလောက်သာ ကြည့်ပြောလို့ ဘယ်ဖြစ်မလဲ"

"ဩော်. . . ကိုဝေနှယ် အတင့် ဒီလူစုလောက်သာ ကြည့်ပြောတာ မဟုတ်ပါဘူး၊ တစ်မြို့လုံး၊ အို. . . ကုန်ကုန်ပြောမယ်၊ တစ်ပြည်လုံးကို ကြည့်ပြီးပြောတာ သိလား၊ ကိုဝေ မယုံရင် လျှောက်မေးလေ မိုးကို မုန်းတဲ့လူနဲ့ မမုန်းတဲ့လူ ဘယ်သူက ပိုသလဲလို့"

www.burmeseclassic.com

www.burmeseclassic.com

# (၂)

ကျွန်တော့်ထံမှ နောက်ထပ် စကားလာစရာ မကျန်တော့သည် ကို အားရသည့်အပြုံးများပင် ပြုံး၍ ပြောလေ၏။

ထိုအတွင်း ကျွန်တော်တို့ရှိရာ သစ်ပင်ကြီးဆီသို့ အပြေးလာ လျက်ရှိသော လှမောင်ကို မြင်ရလေ၏။

လှမောင်လည်း သစ်ပင်ကြီးအောက်သို့ ရောက်သည်နှင့် တစ်ပြိုင် နက် . . .

"ရွာလိုက်တဲ့မိုးကွာ.လွန်ရော၊ ငါ မင်းတို့အမီ လိုက်လာတာတောင် မရဘူး ရွဲကုန်တာပဲ"

ဟု ပြောရင်း ပုဆိုးအဖျားကိုစု၍ ရေညှစ်ချနေ၏။

"ကိုလှမောင်၊ ရှင်မိုးကို ချစ်သလား မုန်းသလား"



www.burmeseclassic.com

www.burmeseclassic.com



လှမောင်မှာ အတင့်ကို အံ့ဩသကဲ့သို့ ကြည့်ရင်း. . .

"အာဟာ. . ."

ဟု မေးပြီးလျှင် လက်ကိုင်ပဝါကို ထုတ်ကာ မျက်နှာပေါ်သို့ စီးကျနေသော မိုးရေများကို သုတ်နေလေသည်။

"မဟုတ်ပါဘူး။ ရှင် အခုလို မိုးရွာတာ ကြိုက်သလား မကြိုက်ဘူးလားလို့"

"ဪ. . . ဒီလိုလား။ ဒါတော့ အရူးမဟုတ်ဘဲ ကြိုက်ရအောင်"

အတင့်သည် လှမောင်၏ ရှုံ့တွဖြေဆိုသောမျက်နှာကို မကြည့်ဘဲ ဖျတ်ခနဲ ကျွန်တော်၏မျက်လုံးဆီသို့ လှမ်း၍ကြည့်ပြီး ပြုံးလေ၏။

နှုတ်ကမဟုတ်သော်လည်း. . .

"ကဲ. . . ဘယ့်နှယ်ရှိစ"

ဟု မေးမြန်းပြောင်လှောင်နေသကဲ့သို့ ထင်ရလေ၏။

ကျွန်တော့်မှာ ပြန်၍မဖြေလို။

အတင့်၏ လှပဝင်းထိန်နေသော မျက်နှာကလေးနှင့် စူးရှပြောင်လက်နေသောမျက်လုံးကလေးသာ ကြည့်ကောင်းတိုင်း ကြည့်နေမိလေ၏။

အတင့်၏အလှကို ကျောင်းခန်းထဲတွင် နေ့စဉ်နှင့်အမျှ မြင်နေသော်လည်း ယခုမှပင် ကျွန်တော် ထင်မြင်သည်ထက် ပိုလှနေသည်ကို တွေ့ရသောကြောင့် ကြည့်လေလေ ကြည့်မဝနိုင်လေလေဖြစ်ကာ စကားပင် ပြန်၍ မပြောလိုဘဲ ဖြစ်နေမိ၏။

အတင့်မှာ ဤတွင် မလုံသကဲ့သို့ဖြစ်ကာ. . .

"ကဲ. . . ပြောဦးလေ ကိုဝေ၊ မိုးဟာ ကြိုက်စရာလား"

ဟု စကားဖြင့်ဖုံးရန် ကြိုးစား၏။



www.burmeseclassic.com

www.burmeseclassic.com



အတင့်သည် လှမောင်အား တစ်ချက်ပြုံးပြပြီးနောက်. . .

"ပရော်ဖက်ဆာကြီး စကားပြောတော့မယ် နားထောင် . . . နားထောင်"

ဟု ပြောပြီးလျှင် ကျွန်တော့်ဘက်သို့ လှည့်၍ ပြုံးစစနှင့် ကြည့်နေသည်ကို တွေ့ရသည့်အတွက်. . .

"အတင့်ကတော့ နောက်ဖို့ပဲ၊ ကိုဝေပြောတာကို စိတ်ရှည်ရှည်ထား ပြီး နားထောင်စမ်း၊ မိုးကို ဒီအချိန်မှာ လူတိုင်းမျှော်တယ်၊ လူ မဆိုထားနဲ့ အတင့်ရာ၊ တိရစ္ဆာန်များတောင် မျှော်ကြတယ်၊ သစ်ပင်တွေလည်း မျှော် ကြတာပဲ၊ မိုးကို ကြိုက်တယ်, မကြိုက်ဘူး မဟုတ်ဘူး၊ မိုးရဲ့ ပြုအပ်တဲ့ ကျေးဇူးကို အလိုရှိလာရတဲ့အတွက် မျှော်ကြရတာပဲ၊ ပူလွန်းလောင်လွန်း လို့ အအိုက်ဒဏ်ကလွတ်အောင် မိုးကိုမျှော်တဲ့လူလည်း ရှိတယ်၊ စိုက်ခင်း ပျိုးခင်းအတွက် မျှော်တဲ့လူလဲရှိတယ်၊ အဲသလို အမျိုးမျိုးရှိကြတာပေါ့"

"ဒီအထဲမှာ ကြည့်ဖို့က မိုးဟာ အကျိုးဖြစ်ထွန်းစေတာများသလား၊ အကျိုးပျက်စီးစေတာများသလား၊ ဒါကိုကြည့်ရမယ်၊ အဲဒါမှလည်းပဲ လူ အများအပေါ်မှာ အကျိုးဖြစ်ထွန်းစေသလား၊ ဒါမှမဟုတ်ရင် လူအနည်း အပေါ်မှာ အကျိုးဖြစ်ထွန်းစေသလား၊ တစ်နည်းက လူအများရဲ့အကျိုးကို ပျက်စေသလား၊ လူအနည်းရဲ့ အကျိုးကို ပျက်စေသလား၊ အဲဒါတွေကို ကြည့်ရမယ် အတင့်ရဲ့"

"အတင့် ခုနကပြောတယ်၊ အခု သစ်ပင်အောက်ဝင်ပြီး မိုးခိုနေရတဲ့ လူတွေ, ဈေးသည်တွေ ဘာတွေဟာ မိုးကို မုန်းတယ်လို့, အဲဒါ မမှားဘူး၊ နို့ပေမယ့် အမုန်းချည်းလဲ မဟုတ်သေးဘူး"

"အင့်ဟင် . . . မင်းဟာက ဘယ့်နှယ်ဟာလဲ"

"နေဦး လှမောင်၊ ငါပြောတာ မင်းဆက်နားထောင်ဦး ဒီကို့



www.burmeseclassic.com

အသက်မွေးတာဟာ မိုးနဲ့ တိုက်ရိုက်မပတ်သက်ဘူး။ မိုးကို တိုက်ရိုက် မှီမနေဘူး။ ဒီတော့ မိုး ကမျက်ယမျက် လုပ်တယ်လို့ အမြဲပဲ ယူဆရှာပါ သူတို့ ဒီလိုယူဆတာနဲ့ ဒီသဘောတရားဟာ ဒီအတိုင်းချည်းပဲ ဖြစ်နေ မှာလား။ မဟုတ်ဘူးကွ။ သူတို့တစ်တွေ ကိုယ်တစ်တွေဟာ မိုးကို မှန်းနိုင် ခွင့်ရှိတယ်လို့ *ထင်ရပေမယ့် သူတို့နဲ့တို့က ပါကတီလူ့နည်းရုံတွေပဲ* တို မြို့ပေါ်မှာနေတယ်ဆိုတဲ့လူဟာ တောရွာတွေအပေါ်မှာ ခေါင်းပုံဖြတ်စား နေကြတာပဲ"

"ဟင်. . ."

"ဟုတ်တယ်လေ၊ အနည်းနဲ့အများပေါ့၊ မြန်မာပြည်က ထွက်သမျှ ပစ္စည်းတွေဟာ မိုးနဲ့မကင်းနိုင်ကြဘူး။ ဆန်စပါးတွေ၊ သစ်တွေ၊ သတ္တု တွေဟာ မိုးနဲ့ကို မကင်းနိုင်ဘူး။ အဖိုးတန်ပစ္စည်းတွေကို ပေါ်လာအောင် လုပ်ပေးရတဲ့ လူတွေဟာ မိုးကို အားကြီးအားကိုးရတာပေါ့၊ အကြမ်းဆုံး ဥပမာကို ပြောရရင် လယ်သမားဟာ စပါးစိုက်ရမယ်၊ မိုးသာမရွာရင် တစ်နေ့ရာကရေရှာပြီး လယ်ထဲသွင်းရတော့မယ်၊ ဒါဟာ အလုပ်ပိုတဲ့ အတွက် သူမှာ ပိုပြီးပင်ပန်းတာပဲ၊ လူ့ အလုပ်ပိုပြီး လုပ်ရတယ်လို့ စပါး ဈေး ဆန်ဈေးကျတော့ သူပိုရသလား။ မရဘူး။ ဒါထားဦးလေ၊ သူလုပ်ရတဲ့ လုပ်ငန်းမှာ မိုးဟာ အများကြီးအကူအညီရတယ်"

"သူတော စိုစိုစွတ်စွတ်ကို လူတစ်ယောက်အနေနဲ့တော့ ဘယ် ကြိုက်မလဲ၊ ဒါပေမယ့် သူ့အလုပ်မှာ အကျိုးဖြစ်တော့ မိုးကို မျှော်ရတာပဲ၊ မြို့ပေါ်ကလူဟာ မြေမာကြီးကို ထုခွဲပြီးတော့ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ရိတ်၊ ကိုယ်တိုင်ရိတ်၊ ကိုယ်တိုင်လုပ်ရတဲ့လူ မဟုတ်ဘူး။ အဲသလို လုပ်တဲ့လူ အပေါ်မှာ အညွန့်ခူးပြီးနေတဲ့သူ၊ ဒီတော့ သူဟာ မိုးကို ရှုပ်ထွေးထင်တာ ပေါ့၊ တို့တစ်တွေ လယ်သမားဖြစ်ရင် မိုးကိုမျှော်ရမှာပဲ၊ မိုးရွာရင် လက်ခံရ

www.burmeseclassic.com



မှာပဲ၊ မရှာရင် 'ရှာပါစေ. . . ရှာပါစေ' လို့ တောင့်တရမှာပဲ မဟုတ်လား၊ သေသေချာချာ စဉ်းစားကြည့်ကွ၊ မိုးဟာ တကယ့်အသက်ပဲ၊ လူတွေ၊ တိရစ္ဆာန်တွေ၊ သစ်ပင်တွေ၊ ကုန်ကုန်ပြောလိုက်မယ်ကွာ. . . လောကကြီးရဲ့ အသက်ပဲ၊ ဒီစကား မှန်တယ်၊ မမှန်တယ် မြေပုံထဲမှာဆို့တယ် မဟုတ်လား။ ကမ္ဘာပေါ်မှာ အကြွယ်ဝဆုံး တိုင်းပြည်တွေဟာ 'ထရောပစ်' ဆိုတဲ့ မိုးသိပ်ရွာတဲ့ အဝန်းအဝိုင်းထဲမှာပါတဲ့ တိုင်းပြည်တွေ မဟုတ်လား၊ အဲဒါသာကြည့်တော့ အတင့်၊ ဒါ စကားအချုပ်ပဲ"

အတင့်သည် တဖြိုင်ဖြိုင် ရွာသွန်းနေသော မိုးရေပေါက်များကို ငေးလျှက် ငြိမ်သက်စွာ နားထောင်နေပေ၏။

လှေမောင်းမှာ ကျွန်တော့်စကားဆုံးအောင် စောင့်ဆိုင်းနေရာမှ ပြောချင်ဇောတကြီး ပြီးပြီးချင်း ဆက်ပြောသည်။

"ဟော့ကောင်. . . ဒါဖြင့် ငါ တစ်ခုမေးဦးမယ်၊ တို့တစ်တွေဟာ 'ထရောပစ်' စည်းဝိုင်းထဲမှာပါတဲ့ တိုင်းပြည်ဖြစ်လျက်နဲ့ တို့တော့ ဘာဖြစ်လို့ ဆင်းရဲနေရသလဲ၊ ဒီသဘောတရားကော မင်းပြောနိုင်သလား၊ တဲ. . . ပြောစမ်းကွာ၊ မင်း တစ်ဆိတ်ရှိ သဘောတရား သဘောတရားနဲ့ အပြောများတဲ့လူဆိုတော့"

"ပြောတော့ ပြောနိုင်ပါတယ်၊ ဒါပေမယ့်ကွာ ပြောဖို့ အချိန်မရသေးဘူး၊ အတင့် တော်တော့ကို ရွှဲနေပြီ၊ ဒီမှာရပ်နေတာ အအေးမိပြီး ဝမ်းရောင်မှာ စိုးရတယ်၊ လေသိပ်မပါတော့ဘူး၊ မိုးလဲ နည်းနည်းစဲပါပြီ၊ အခုလိုပဲ လျှောက်သွားကြရင် မကောင်းဘူးလား၊ နွေးလဲ နွေးသွားတာပေါ့"

အတင့်သည် သွားရန် ဟန်ပြင်လျက် ကျွန်တော့်လက်ထဲမှ သားအုပ်ကို လှမ်းယူမည်ပြု၍. . .



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေလေ . . . ကိုဝေပဲ ယူခဲ့မယ်၊ သွား . . . သွား . . . ရှေ့ကသွား"

ဟု ပြောလိုက်၏။

တွန်တော်က လမ်းဖယ်ပေးပြီး နောက်ကနေ၍ လိုက်သောကြောင့် အတင့်ကလေးလည်း ရှေ့က ခပ်မှန်မှန်လျှောက်၍သွားလေသည်။

အတင့်၏ မျက်နှာကလေးကို ရင်ဆိုင် မမြင်ရသည့်တိုင်အောင် ကိုယ်ကလေးကို နောက်ကသိမ်းခြုံ၍ မျက်စိရှေ့တွင် နီးနီးကပ်ကပ် မြင်တွေ့နေရသောကြောင့် ကျေနပ်နှစ်သိမ့်နိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# (၂)

ကိုက်တစ်ရာလောက် လျှောက်လာကြသောအခါ လှမောင်၏ အိမ်ရှေ့သို့ရောက်သဖြင့် လှမောင်သည် လမ်းခွဲကာ အိမ်ထဲသို့ ဝင်သွား လေ၏။ ခြံပေါက်ဝ မဝင်ခင်. . .

"အတင့်. . . သတိထားသွားနော်၊ မိုးမျှော်ကိုယ်တော်ပါလို့ ထပ်ပြီး သည်းလာမှာစိုးရတယ်"

ဟု နောက်ပြောင်သွားသောကြောင့် ရယ်မောခဲ့ကြသည်ကို သတိရ မိနေသေးသည်။

"ကိုဝေ. . . ကိုလှမောင်တစ်ယောက်ဟာ သိပ်နောက်တာပဲ၊ အတန်းထဲမှ သူသာမရှိရင် ခြောက်ကပ်ကပ်ကြီး ဖြစ်နေမှာပဲ၊ မနုနုတို့၊ မခင်သန်းတို့က တာပြောတယ်မှတ်သလဲ၊ ကိုဝေကို အားခြောက်တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



လှမောင်ကို အစိုတ္ထဲ"

"ဘာကိုဆိုလိုတာလဲ. . . ကိုဝေ နားမလည်ဘူး"

ဟု နောက်ကနေ၍ လှမ်းပြီးမေးလိုက်သည်။

"အို. . . အရှင်းကြီးကို နားမလည်ဘူးလား၊ တကယ် နက်နဲတာတွေ တော့လဲ နိုက်နိုက်ချွတ်ချွတ် နားလည်တတ်လိုက်တာ၊ မရှင်နုတို့ ပြောတာ နည်းတောင်နည်းသေးတယ်"

"ဆိုပါဦး. . . ဘာတဲ့လဲ"

"အစိုဆိုတာက စိုစိုပြည်ပြည် ဝေဝေဆာဆာကို ဆိုလိုတာပေါ့၊ အခြောက်ဆိုတာက ကိုဝေလို ငြီးငွေ့စရာကြီးကိုဆိုတာ၊ ကိုင်း. . . သိပလား"

ဤအမေးကို မျက်နှာချင်းဆိုင်သာကြားရလျှင် မျက်နှာအမူအရာ ကလေးများကိုပါ ထည့်သွင်းရေတွက်၍ ဦးနှောက်ထဲမှာ မှတ်သားထား နိုင်ခဲ့လိမ့်မည်။

ယခုသော် နောက်မြန်ကြီးဖြစ်နေ၍ စကားလောက်ကိုသာ မှတ် ထားရတော့လေသည်။

"အတင့် ထင်တယ် . . . ကိုဝေ (၁၀)တန်းဆက်ဆက်ပြီး ကျနေ တာဟာ ကိုဝေ 'သဘောတရား'တွေကို စာမေးပွဲစစ်တဲ့ လူတွေက လက်မခံနိုင်ဘူး ထင်တာပဲ"

"နို့. . . အတင့်ကော လက်ခံနိုင်သလား"

အတင့်သည် စောစောက နှုတ်သွက်လျှာသွက်သလောက် ငုံ ဆိုင်းတွ၍ နေချေ၏။

"ဘယ့်နှယ်လဲဟင်"

အတင့်သည် ရှေ့က သွားမြဲသွားတော ဘာမျှ ပြန်မပြောဘဲ နေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပြောရမှာ အားနာတယ်နဲ့တူတယ်၊ လက်မခံနိုင်၊ လက်မခံနိုင် ဘူးပေါ့ အတင့်၊ ဘာဖြစ်သလဲ၊ ကိုဝေတို့တော့ ပြောင်ပဲ၊ စဉ်းစားဦးလေ၊ အခု လက်မခံနိုင်သေးတောင် စဉ်းစားပြီးတဲ့အခါ စဉ်းစားပြီးတဲ့ တစ်နေ့ ကျတော့ လက်ခံနိုင်မှာပါ။ ကိုဝေပြောတာတွေဟာ ကြံဖန်ပြောတာ မဟုတ်ဘူး၊ ထုကာယ် သဘာဝမှပြောတာ၊ ဟုတ်လား မဟုတ်လား စဉ်းစားဦးပေါ့"

အတင့်သည် နောက်သို့ တစ်ချက်ပြန်ကြည့်ကာ ပြုံးလျက်၊ ထို့ နောက် ခေါင်းကို ငုံ့ချ၍ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။

အဓိပ္ပါယ်ရှိသော စကားဖြစ်သဖြင့် အဓိပ္ပါယ်မဲ့မသွားစေအောင် စိတ်အားထက်သန်လာ၍ ဆက်ပြောလိုက်မိသည်။

"ကိုဝေ. . . စဉ်းစားဖို့ရှိရင်လဲ အတင့်ပြောနိုင်ပါတယ်၊ ပြောင်ပဲ ပြော၊ ကိုဝေ စဉ်းစားမယ်၊ စဉ်းစားတယ်ဆိုတာ ကိစ္စတစ်ခုကို ကိစ္စ တစ်ခု ထဲတအနေနဲ့ အကျိုးအကြောင်း အကုန်စဉ်းစားရတာရှိတယ်၊ တခြားကိစ္စ တွေနဲ့ ယှဉ်ဟပ်ပြီး စဉ်းစားမှ အမှန်တွေ့တာလဲရှိတယ်၊ ကိုဝေ အမျိုးမျိုး စဉ်းစားမယ်၊ လက်ခံနိုင်ရင် လက်ခံမယ်၊ အတင့်လဲ စဉ်းစားရင် အဲသလို စဉ်းစား ပါနဲ့မှ လက်မခံနိုင်သေးရင် ထပ်စဉ်းစားပေါ့"

ဤကဲ့သို့ ပြောလာစဉ် အတင့်၏ အိမ်ဝသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၄)

"ဝင်ပါဦးလား ကိုဝေ၊ မိုးလုံးလုံးစဲမှ ပြန်ပါလား"

ဟု ခြံတံခါးကို ဖွင့်ရင်း ဖိတ်မန္တက ပြုနေသည်။

ဝင်ရန် အကြောင်းထူး မရှိတော့သည်နှင့် . . .

"မဝင်တော့ဘူး"

ဟု ပြောလိုက်သည်။

"ဒါဖြင့် ကိုဝေ မိုးကာယူသွားလေ၊ အတင့်အတွက် ကိစ္စမရှိတော့ဘူး၊ အိမ်ရောက်နေပြီပဲ၊ အဝတ်အစားလဲရုံသာ ရှိတော့တယ်"

ကျွန်တော့် မိုးကာကိုချွတ်၍ပေးသည့်အတွက် လှမ်း၍ယူရင်း . . .

"ကဲ . . . သွားတော့၊ ကော်ဖီပူပူတစ်ခွက် သောက်လိုက်ဦး၊ ခြေထောက်ကို ရေဆေးပြီး အဝတ်တစ်ခုနဲ့ နာနာပွတ်လိုက်၊ နွေးနွေးထား။



www.burmeseclassic.com

www.burmeseclassic.com



နို့မဟုတ်ရင် အအေးမိနေဦးမယ်၊ ဖါထက် မိုးကိုလည်း အထင်မှားတတ်တယ်"

ဟု ပြောလိုက်ရာ အတင့်မှာ မမျှော်လင့်သောစကား တစ်လုံးကို ကြားလိုက်ရသကဲ့သို့ ဆတ်ခနဲ ခေါင်းလေးထောင်ကာ မော့ကြည့်လျက်. . .

"လက်စသတ်တော့ ကိုဝေလဲ တော်တော်အလာသားပဲ၊ မရင်နုတို့ကို ပြောပြရမယ်၊ ကိုလှမောင်သာ အစိမဟုတ်ဘူး၊ ကိုဝေလဲ အစိုပဲလို့"

"ဘာ. . . ဘာဖြစ်လို့လဲ"

ဟု ကတိုက်ကရိုက် ပြန်မေးလိုက်ရသည်။

"အို. . . ကိုယ့်ကိုကိုယ် ပြန်ကြည့်ပါလား . . . ရှဲလို့"

အတင့်သည် ပြုံးပြုံးရယ်ရယ်ဖြင့် ထွက်သွားသောကြောင့် နောက်ရပ်၍ ကြည့်နေမိသည်မှာ အိမ်ထဲဝင်သွားသည်အထိပင် ဖြစ်သည်။

အိမ်သို့ရောက်သောအခါ စိုသောအဝတ်များရေလဲစ်၍ ဂျမ်းရာတွင် မိုးကာအကျႌထဲ ရေစိုနေသော လက်ကိုင်ပုဝါလေးတစ်ထည်ကို တွေ့ရသည်။

ထိုလက်ကိုင်ပဝါလေးတစ်ထည်ကို ဘယ်လိုထည့်ထားသည်ဟု မမှတ်မိ။

ကျွန်တော့် ဥစ္စာလည်း မဟုတ်၍ တအံ့တသြ လှန်လှောကြည့်ပါ၏။

ဤမိုးကာအကျႌကို ထိုနေ့အဖို့ ကျွန်တော်နှင့် အတင့်သာ ဝတ်ကြရာ အတင့်ဥစ္စာဖြစ်ရမည်ဟု ယူဆရသည့်အလျောက် နောက်တစ်နေ့ကျောင်း၌ ပြန်ပေးမည်ဟု အကြံပြုလျက် တစိမ့်စိမ့် ရှာနေသောမွှေးကို ကျေကျေနပ်နပ်ကြီး ကြည့်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၇)

## လက်ကိုင်ပဝါ၏ အပြစ်

ကျောင်းတက်ချိန်သာ ရောက်ခဲ့လျက် အတင့်ကား ပေါ်မလာဘဲ ရှိသည်။

ကျောင်းတက် နောက်ကျခြင်းသာ ဖြစ်လိမ့်မည်ဟု မှတ်ထင်မိသော်လည်း၊ တစ်ဘာသာသင်ချိန်ကုန်၍ နောက်တစ်ဘာသာသင်ချိန်သို့ရောက်ကာ ထိုသင်ချိန်ပင် ကုန်ဆုံးခဲ့သည့်တိုင် အတင့်ပေါ် မလာဘဲ ရှိသောအခါ ထိုနေ့အဖို့ လုံးလုံးကျောင်းတက်တော့မည် မဟုတ်ခြင်းကို သိရ၏။

ဤတွင် ပြန်ပေးရန် ယူဆောင်လာခဲ့သော လက်ကိုင်ပုဝါကလေး

သိထရုတနှာတာစေ...

www.burmeseclassic.com

www.burmeseclassic.com



ကို မိုးကာအင်္ကျီထဲတွင် မှုလထားသည့် နေရာမှ သွားရောက် ယူငင် ထုတ်ယူကာ ကျွန်တော့်အပေါ် အင်္ကျီအတွင်းဘက် လက်ယာအိတ်ထဲသို့ လျှို၍ ထည့်လိုက်သည်။

ယင်းကဲ့သို့ အိတ်ပြောင်း၍ထည့်လိုက်စဉ် အချိန်ကာလအတွင်း ဆရာ အကူးအပြောင်းကြောင့် နောက်ဘာသာသင်ဆရာသာ ရောက်နေနှင့်ပြီ ဖြစ်လျှင်. . . သို့မဟုတ် မူလဘာသာသင်ဆရာ ထွက်ခွာ၍ မသွားသေးမီဖြစ်က ကျွန်တော့်တွင် နောက်နောင် ဖြစ်ရတော့မည့် စိတ်ဒုက္ခတို့သည် ဖြစ်ခဲ့ရဖို့မရှိဟု ယနေ့ ပြန်ပြောင်း၍ နောက်ကြောင်း စဉ်းစားချိန်တွင် အောက်မေ့မိလေ၏။

သို့သော် ထိုသို့ မဟုတ်ရကား၊ အမြဲတမ်း နောက်ပြောင်ရန် အခွင့်အရေးကို အသင့်စောင်းဆိုင်းနေသော လှမောင်သည် ကျွန်တော်၏ ထူးခြားသော လှုပ်ရှားခြင်းကို သိမြင်ကာ ဘာလုပ်သည်ကို ရုတ်တရက် နိုပ်မိသကဲ့သို့ အနားသို့ ပြုံးစနဲ့နဲ့ မျက်နှာဖြင့် ကပ်လာ၏။

"ဟဲ့. . . ငါမြင်ပါတယ်ကွ၊ မင်းဟာကို မင်း မပြဘူးလား ပြမလား"

လှမောင်မှာသာ ပြုံးနိုင်လျက် ကျွန်တော့်မှာ ပူထူသွားသည်။

ရုတ်တရက် မဖြေတတ်အောင်ရှိကာ မျက်နှာများပင် နီးမြန်းသွားလေရောသလား မသိ။

မျက်နှာရော တစ်ကိုယ်လုံးပါ ထားစရာမရှိအောင် ဖြစ်သွားသည်။

"ဟေ့. . . ငါ ကောင်းကောင်း ပြောနေတုန်း ပြနော်"

ဟု လှမောင်က ထပ်၍ပြောသော အသံသည် တစ်ခဏကထက် အနည်းငယ်သာတိုး၍ ကျယ်လောင်ကာ အခြားကျောင်းသားများ သာမန်အားဖြင့် ကြားလောက်အောင် မဟုတ်သေးသော်လည်း ကျွန်တော့် စိတ်ထဲတွင် သူ၏အသံသည် ကျောင်းဆောင်းကျောင်းတက် ခေါ်လောက်အောင်ထက်

www.burmeseclassic.com



ပြင်းထန်ကျယ်လောင်သည်ဟု မှတ်ထင်မိသည်။

ထို့ထက် ပိုမိုပြင်းထန် ကျယ်လောင်စွာ ပြောလာမည်ကိုလည်း များစွာ စိုးရိမ်မိ၍ စကားပြတ်မှ ပြတ်တော့ဟု သူ့စကားနှင့် သူပင် . .

"မင့်ဉစ္စာက ဘာလဲကွ၊ မြင်တယ်လဲ ပြောတယ်၊ ပြရဦးမယ်လဲ ပြောတယ်၊ ဘယ်လိုဟာလဲ၊ ဘာမှမဟုတ်ပါဘူးကွာ၊ ငါ့ဉစ္စာ ငါ . . ."

"အေးလေ . . . မင့်ဉစ္စာဖြင့် ပြပါတော့လား"

"တော်စမ်းပါကွာ၊ မင်းက ဘာမို့လို့ စစ်နေရတာလဲ"

စကားဖြင့် လှီးလွှဲပြောလျှင် ပြီးလိမ့်မည်အထင်ဖြင့် ပြောနေသော်လည်း လှမောင်ကား တိုး၍သာ မကျေနပ်နိုင် ဖြစ်လာဘိသကဲ့သို့ . . .

"မင်း မပြဘူးနော်၊ အေးကွာ မှတ်ထား၊ ငါသိတယ်၊ ငါအတုန်သိတယ်၊ ငါမြင်လိုက်တယ်ကွ၊ မင်းက မပြပေမယ့် ငါသိပါတယ်"

လှမောင်သည် ပြောပြီး သူ့နေရာသို့ ပြန်မည် လှုပ်လေ၏။

ဤတွင် ဤအခြေဖြင့် သူ့အား ပြန်၍သွားစေက, နောက်နောင် စကားကျယ်ပွားကာ အလိုမရှိအပ်သော ဆိုးကျိုးဆိုးပြစ်တို့ ပေါ်ပေါက်လာမည် စိုးသောကြောင့် . .

"ကဲ . . . ကြည့်ချင်ရင် ရော့ . . . ကြည့်"

ဟု အပေါ် အင်္ကျီအိတ်ထဲမှ ကျွန်တော်၏ လက်ကိုင်ပဝါကို ထုတ်၍ စိတ်ကျေနပ်ရုံ ပြလိုက်မိသည်။

သို့သော် လှမောင်ကား လူပါးတစ်ယောက်ဖြစ်သည်။ ကျွန်တော့် လက်ကိုင်ပဝါကို လှမ်းမယူဘဲ . . .

"တော်စမ်းပါကွာ၊ ဒါများ တစ်ပတ်ရိုက်လို့ ရမလား၊ မင်း ညာအိတ် အိတ်ထဲမှာပါကွာ၊ မပြချင်လဲ ကိစ္စမရှိပါဘူး၊ ငါ သေသေချာချာ မြင်လိုက်ပြီးသားကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုကာ လှည့်၍ ထွက်သွား၏။

သူထွက်သွား၍ စိတ်သက်သာရာ ရဖို့ဖြစ်သော်လည်း မသက်သာနိုင် ဖြစ်ရလေ၏။

ဆရာရောက်လာ၍ ထပေးလိုက်ရပြီး စာသင်သံ ကြားနေရသည့်တိုင် ဘာသင်၍ ဘာသင်သည်ကို ဂရုမပြုနိုင်ဘဲ လှမောင် သိသွားခြင်းအတွက် မည်ကဲ့သို့ စိတ်ပင်ရမည်ကိုသာ နည်းလမ်း ကြံဆနေမိသည်။ နည်းလမ်းကြံဆ၍ မရနိုင်တိုင်း ကိုယ့်ကိုယ်ကိုသာ အပြစ်တင်မိ၏။

မိုးကာအကျႌအိတ်အတွင်းသာ ထားမြဲထားလိုက်က ဤကဲ့သို့ဖြစ်စရာမရှိ။

လှမောင်လည်း သိမည်မဟုတ်။

ယခုသော် လော်လည်မိခြင်းကြောင့်ပင် သူတစ်ပါး သိမြင်သွားသည့်အခြေသို့ ရောက်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၆)

၅၅

သူတစ်ပါးဟူရာတွင် လူမောင် မပါဘူတ်ဘဲ၊ တကယ့် သူတစ်ပါးသာ ဖြစ်ချေတာ စိတ်ပူပင် ကြောင့်ကြဖွယ်ရာမရှိ။

ယခုသော် လူရွှယ်လူပွေ လူမောင်ဖြစ်နေ၍ များစွာစိတ်ပူပန်ခြင်း ဖြစ်ရကာ တစ်ကိုယ်လုံး အဖျားတက်သကဲ့သို့ ပူရှိန်ကာ ချွေးစေးကြီး တပြိုက်ပြိုက် ထွက်ယိုလျက် ရှိနေတော့၏။

မိမိအတွက်ကား မပူ၊ အတင့်အတွက်သာလျှင် ပူမိသည်။

ကျွန်တော့်မှာ ဂုဏ်ပျက်ဖွယ်ရာမရှိ။

အတင့်မှာ တစ်ကျောင်းလုံးတွင် ဂုဏ်ကြွေအရှိဆုံး မိန်းကလေး တစ်ယောက်ဖြစ်သည်။

မိန်းကလေးများ ၇ တန်းရောက်လျှင် သူတို့၏ဂုဏ်သိက္ခာမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းလုံး၏ အထူးအကဲခတ်ခြင်းကို ခံနေရတုန်းဖြစ်လျက်၊ စတန်း၊ ၉ တန်းလောက်ရောက်လျှင် ထိုဂုဏ်သိက္ခာမှာ လွင့်စဉ် ပျောက်ပျက်ခြင်း သာများပြီးလျှင် ကျောင်းသားတစ်ယောက်မဟုတ်က အခြားကျောင်းသား တစ်ယောက်အမည်ဖြင့် သမုတ်ပြောဆိုခြင်းကို ယုတ်စွအဆုံး ခံယူခဲ့ရပြီ ဖြစ်၏။

အတင့်မှာကား ၁၀ တန်းသို့ ရောက်ခဲ့လျက် မည်သည့်ကျောင်းသူ ကျောင်းသားကမျှ သူ၏ ဂုဏ်သိက္ခာကို ညစ်နွမ်းအောင် ဆိုပြောနိုင်ခြင်းမရှိရလေအောင် တည်တည်ကြည်ကြည် နေထိုင်လာခဲ့သူ ဖြစ်သည်။

ယောကျ်ားကလေးများနှင့် အရောမဝင်ဘဲ ကိန်းကြီးခန်းကြီး လုပ်နေသည်လည်းမရှိ ပြောစရာရှိကပြော၍ အတူတကွ ရောနှော၍ သွားသင့်က အတူတကွ ရောနှော၍သွားရန် ဝန်မလေးချေ။

ကျောင်း၏ အမြင့်ဆုံးအတန်း နောက်ဆုံးနှစ်သို့ ရောက်သည့်တိုင်အောင် ဣန္ဒြေကို စောင့်စည်းထိန်းသိမ်းလာခဲ့ပြီးနောက်မှ ယခု ကျွန်တော့်ကြောင့် လှမောင်ပါးစပ်၏ ဖြုန်ခွင်းမှုဖြင့် ဣန္ဒြေတိုက်ကြီး ပြိုလဲရတော့မည်မှာ မတွေးဝံ့သော ကိစ္စဖြစ်ပေ၏။

ထိုသို့မဖြစ်အောင် မည်ကဲ့သို့ ကာကွယ်ရမည်ကိုလည်း မကြံတတ်နိုင်အောင် ဖြစ်နေသည်။

လှမောင်အား အတင့် လက်ကိုင်ပုဝါပြ၍ ပိတ်လျှင် ကောင်းမည်လော။

ကျွန်တော် သိသလောက်တွင် လှမောင်မှာ ပိတ်ဆို့ရမည့်သူမျိုး မဟုတ်။

ကျောင်းသူကလေးများ၏ ဂုဏ်သိက္ခာကို ရစရာမရှိအောင် ခြွမွ



www.burmeseclassic.com

www.burmeseclassic.com



ဖစ်တတ်သည့် အကျင့်ကြောင့် မတော်တဆ မေ့ကျန်နေသော လက်ကိုင်ပုဝါကို သွားယူပ်လေလျှင့် မဖွယ်မရာမပြောရန် တားမြစ်၍ ရမည်မဟုတ်ချေ။

တစ်တန်းလုံး ဝါးခနဲ ရယ်သံလိုလို ကြားလိုက်ရ၏။

ထို့နောက် တစ်ခဲနက် ငြိမ်သက်သွားခြင်းကို သိလိုက်သလိုလို ရှိ၏။

ကျောင်းသူကလေးတချို့၏ ပါးစပ်မှ လက်ကိုင်ပုဝါဆို့လျက် တခစ်ခစ် တခွိခွိ ရယ်နေသောအသံကိုလည်း ကြားနေရတုန်းပင်။

ခစ်ခစ်ခွိခွိ အသံမှ ဝါးခနဲ ဝိုင်း၍ ရယ်သံကို ကြားလိုက်ရပြန်မှ သတိရကာ ပတ်ဝန်းကျင်ကို လှည့်ကြည့်မိသည်။

အတန်းတစ်တန်းလုံး၏ မျက်စိသည် ကျွန်တော်၏ အပေါ်တွင် ကျရောက် လှောင်ပြောင်လျက်ရှိကြသည်ကို တွေ့ရသည်။

ဤတွင် မနေတတ် မထိုင်တတ်ဖြစ်ကာ ဆရာရှိရာဆီသို့ ကြည့်လိုက်သည်။

ဆရာလုပ်သူပင်လျှင်လည်း ရယ်မောပြောင်လှောင်လျက် . . .

"လွမ်းဝေ. . . မင်းဆောက်နေတဲ့ တိုက်အိမ်ကြီးဟာ တော်တော်ကြီးလို့ အခုတောင် မပြီးသေးဘူး ထင်တယ်၊ မင်းကို ငါမေးနေတာ ၃ မိနစ်လောက်ရှိပြီ၊ မင်းမကြားဘူး၊ ဘာတွေ စဉ်းစားနေလို့လဲ"

ဟု မေးနေသောကြောင့် သာ၍ အနေရ အခြေရကျပ်သွား၏။

"ပြောလိုက်လေ လွမ်းဝေ၊ မင်း သဘောတရားလေးကို"

ဟု လှမောင်က နောက်မှ လှမ်း၍ ပြောလိုက်ရာ တစ်တန်းလုံး ဝါးခနဲ ပွဲကျသွားပြန်သည်။

ကျွန်တော်၏ စိတ်တွင်ကား ခေါင်းပေါ်မှ ရှိရှိသမျှသော ဆံပင်များသည် တစ်ချောင်းမကျန် မတ်မတ်ကြီး ထောင်ကုန်ကြပြီလားဟု



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထင်လိုက်မိလေသည်။

"မင်းကို မိုးရွာတာ ဘယ်လို ကျေးဇူးရှိသလဲလို့ မေးနေတာ ၃ မိနစ်ရှိပြီ၊ မင်းမကြားဘူးလား"

ဟု ဆရာက ထပ်ပြော၏။

"ပြောလေကွာ လွမ်းဝေ၊ မိုးရွာလို့ လက်တွေ့ခံစားရတဲ့ ကျေးဇူးကို သဘောတရားလောက်ပေါ့ကွ"

လှမောင်က ထပ်၍ ကွန့်ပြန်လေ၏။

တစ်တန်းလုံးပင် ထပ်၍ ရယ်ကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

## (၇)

လူမောင်၏ စကားအဓိပ္ပာယ်ကို အလုံးစုံသိလျှင် ထိုထက်တိုး၍ ရယ်ကြတော့မည်။

ယခုမူ ကျွန်တော့်ကိုသာ ရယ်ကြသေးသည်။

လူမောင်၏ စကားအဓိပ္ပာယ်ကို လူမောင် ရှင်းလင်းပြောပြသဖြင့် သိရှိလာကြမည့်အခါတွင်ကား တစ်တန်းလုံးသာမဟုတ် တစ်ကျောင်းလုံးသာမက တစ်မြို့လုံး ပျံ့နှံ့ကာ လုံးဝအဖြစ်ကင်းသော ဣန္ဒြေရှင်ကလေး တစ်ဦးကိုပါ ရယ်ကြတော့မည့်အရေးကို တွေးမိပြီလျှင် ဆရာအမေးကို မဖြေနိုင်သေး။ ဇောချွေးများ တိုး၍ ပြန်လာလေသည်။

တစ်သက်လုံးတွင် ထိုအချိန်မတိုင်မီကလည်းကောင်း၊ ယင်းနောက်လည်းကောင်း၊ လူတစ်ဖက်သားအား သတ်လိုဖြတ်လိုစိတ်ကို မဆိုထားဘိ



www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းမြောင်းနေ၍ကျင်စေလိုသောစိတ်ပင် စိုးစဉ်းမျှ မထားခဲ့သော်လည်း ယခုအခိုက်တွင် လှမောင်ပွဲချင်းပြီး သေစေလိုသော စိတ်၊ လှမောင် သူ့ဘာသာသူ ချက်ချင်းလက်ငင်း မသေနိုင်လျှင် သေနိုင်အောင် ထ၍ သတ်လိုက်ချင်သော စိတ်များပင် ထောင်းခနဲ ပေါ်ထွက်မိသည်။

"ဆရာ. . . လွမ်းဝေဟာ ကျွန်တော်တို့ထက်ပိုပြီး မိုးရဲ့လက်တွေ့ ကျေးဇူးကို ပိုပြောနိုင်ပါတယ်၊ မနေ့ညနေက ကျောင်းဆင်း မိုးရွာတော့ သူရယ်၊ အတင့်၊ ကျွန်တော်တို့ရယ် ထိုန်ပင်ကြီးအောက်မှာ ဝင်ပြီး မိုးခိုကြပါတယ်၊ လွမ်းဝေက မိုးတရား ကောင်းကောင်းပြောပါတယ်၊ အတင့်နဲ့ ကျွန်တော်က မိုးရွာတာမကောင်းဘူးလို့ တကယ်ပြောပါတယ် သူက. . ."

လှမောင် ရှေ့လျှောက်၍ ဘာတွေ ရှည်နေဦးမည်မသိ။

မြန်မြန် စကားဖြတ်လိုက်မှပင် ဖြစ်နိုင်တော့မည့်အတိုင်း. . .

"ကျွန်တော် အခုန အတွေးနက်နေလို့ ဆရာမေးတာ မကြားတာ တို့ ခွင့်လွှတ်ပါ၊ မိုးနဲ့ ပတ်သက်လို့ ဖြေရရင်. . ."

ဟု စကားစကာ ယမန်နေ့ ညနေက ပြောကြားခဲ့သော အယူအဆ များအတိုင်း ပြောပြလေသည်။

လှမောင်မှာ စကားတန်းလန်းနှင့် ကျွန်တော်ထ၍ ပြန်ထိုင် သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com

# (၈)

"မင်းရဲ့ သဘောတရားက မမှားပါဘူး၊ ဆရာ သဘောကျပါတယ်၊ စာမေးပွဲထဲမှာ အခု မင်းသိတာမျိုး လူညွှန့်ချုံးစားတာတွေ ထည့်ဖြေလို့တော့ မင်း စာမေးပွဲအောင်မှာမဟုတ်ဘူး၊ စာမေးပွဲ အောင်ရုံဖြေမှ စာမေးပွဲအောင်မှာ၊ အတွေးနက်နက်နဲ့ ဟိုဟာတွေး ဒီဟာတွေ လုပ်မနေနဲ့၊ ပိုပြီး သဘောတရားတွေ နားလည်၊ ပိုပြီးရေးတော့ ပိုပြီးကျလိမ့်ဦးမယ်"

"ဆရာ့စိတ်ထဲမှာတော့ ပညာသင်တာဟာ စာမေးပွဲအောင်ရုံ မသင်စေချင်ဘူး၊ တီစွတစ်ခုကို ချန်ချန်ပြီး သင်ရတာ သိပ်ဆိုးတယ်၊ ကိစ္စတစ်ခုကို တစ်ထိုင်တည်းမှာ တစ်ဆက်တည်း၊ အပြီးအပိုင် နားလည်သွားအောင် သင်ပစ်လိုက်ရရင် သိပ်ကောင်းမယ်၊ အခုတော့ ဒီလို မဟုတ်ဘူး၊ အသီတို ချန်ထားရတယ်၊ ဆရာလုပ်တဲ့လူဟာ ကိုယ်ပြနေတဲ့ အတန်းထက် ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တတ်နားလည်တဲ့ အကြောင်းကို ပြခွင့်မရဘူး၊ ဆရာတို့ ပညာ သင်ကြားခန်းစနစ်ဟာ တော်တော့်ကို ညံ့သေးတယ်"

"အခု မင်းပြောသွားတဲ့ မိုးဟာ ဘယ်လို ဘယ်လိုဆိုတာ အဲဒါလောက်ဆိုရင် ကိစ္စမရှိဘူး၊ မင်းထည့်ပြီး ပြောသွားတဲ့ သဘောတရားအချို့တွေတော့ စာမေးပွဲစစ်တဲ့လူက လက်ခံလိမ့်မယ် မထင်ဘူး၊ ဒီတော့ မင်းလည်း ၁၀ တန်းမှာ ၃ နှစ်ရှိပြီ၊ စာတော်လျက်သားနဲ့ ကျတာ နှစ်နှစ်ရှိတယ်၊ ဆရာ့အချိန်လည်း စေ့နေပြီ၊ မင်းတို့ နောက်တစ်ပတ်ကို မိုးရဲ့လက်တွေ့ကျေးဇူးများ အဆိုးအပြစ်ကို စာစီစာကုံး ရေးခဲ့ကြ"

ဆရာ့အတန်းထဲမှ ထွက်ခွာသွားသောအခါ နောက်ဆုံး စာစီစာကုံးရေးနိုင်းသွားသည်ကို သိလိုက်သည်။

ဆရာ ပထမပြောနေသော စကားများကို လုံးစေ့ပတ်စေ့ မကြားလိုက်ပေ။

တစ်ချိန်လုံးတွင် အတင့် နာမည်ပျက်မည့် အရေးကိုသာ တွေး၍ ပူပန်ကြောင့်ကြနေမိသည်။

ဆရာ့အချိန် ပြီးသွား၍ နောက် ပထဝီသင်ဆရာ ရောက်လာပြီဖြစ်သော်လည်း စိတ်သက်သာရာမရ၊

ပို၍မရဖြစ်လာသည်ကား လှမောင်အနားသို့ စာရွက်တစ်ရွက်ကို တိုင်ကာ ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၉)

“ဟေ့ လွမ်းဝေ၊ မင်းကို ဆရာသိန်းပြောသွားတာ ကြားရဲ့လား။ မင်းသဘောတရားတွေ ဘေးချိတ်ထားဖို့လေ၊ ဒီတော့ ဒီလိုလုပ်ပါလား ကွ၊ ဆရာရေးခိုင်းတဲ့ မိုးရဲ့ကျေးဇူး စာစီစာကုံးကို ဟောဒီလိုရေး”

မိုး၏ လက်တွေ့ ကျေးဇူးများ

ယမန်နေ့က မိုးရွာရာ ကျွန်တော် ပထမလက်တွေ့ ခံစားရသော ကျေးဇူးမှာ လက်ကိုင်ပုဝါကလေးတစ်ထည် ဖြစ်ပါသည်။

ဒုတိယ ခံစားရသော လက်တွေ့ကျေးဇူးမှာ . . .

ကျွန်တော့်မှာ ရှေ့သို့ဆက်၍ မဖတ်နိုင်။ ဘာလုပ်၍ ဘာလုပ်ရမှန်း မသိမီ ကျွန်တော်၏လက်သီးမှာ လှမောင်ဆီသို့ ရောက်သွားလျက် လှမောင်မှာလည်း ကိုယ်ကို မဟန်နိုင်ဘဲ နောက်သို့လန်၍ လဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ သူ၏နောက်တွင် မရင်နုဆိုသော မိန်းကလေး ထိုင်ခဲ့သာ မရှိချေက မုချပင် သမ်တလင်းပေါ်သို့ ကျသွားမည်။

ယခုသော် မရင်နုခုံနောက်မှီကို ခါးဖြင့် အမှီရနေသောကြောင့် နောက်သို့ လဲမကျဘဲ ရှိလေ၏။

လှမောင်၏ကိုယ် လန်၍လန်၍ ကျောပေါ်သို့ ဝဲပြီးလာလျက်ရှိသည်ကို တွေ့ရသည့် မရင်နုကအစ တစ်တန်းလုံးပင် ထိတ်လန့်တကြားဖြစ်ကာ လှုပ်ရှားသွားလေ၏။

ကျောင်းသားများမှာ ဘာလုပ်ရမည်မသိ ငေးကြည့်နေကြသည်။

ဆရာသည် ဘယ်အချိန်က အနားသို့လာကာ ကြားဝင် ဖျန်ဖြေလိုက်သည်မသိ။

လှမောင်မှာ ပါးစပ်မှ သွေးများ ယိုစီးလျက် သူနေရာသို့ ပြန်ရောက်သွားကာ ကျွန်တော့်မှာ ဆရာ၏ ကြိမ်မောင်းခြင်းကို ခံယူနေရလေသည်။

ထိုးကြိတ်နေစဉ် ထူပူနေသောကြောင့် ဆရာအနားသို့ လာစဉ်တွင် လှမောင်ယူလာသော နောက်ပြောင်သည့် စာရွက်ကလေးကို ဖုံးဝှက်၍ မထားလိုက်မိသည့်အတွက် ဆရာ့လက်သို့ ပါသွားလေပြီကို နှမြောကြီးစွာ တွေ့ရ၏။

မသိစေချင်မှပင် သိကုန်ဖို့ ဖြစ်လာခြင်းကို များစွာယူကျုံးမရဖြစ်ကာ လှမောင်ကိုသာ မကျေနိုင်၊ မချမ်းနိုင် စိတ်ဆိုးနေမိ၏။

ဆရာလည်း ကျွန်တော့်အား ကြိမ်းမောင်းနေရာမှ လှမောင် ပါးစပ်မှ ယိုစီးနေသော သွေးများကို ကြည့်ကာ ရုတ်တရက် ရပ်တန့်လိုက်လျက် စာရွက်ကလေးကို ဖျတ်ခနဲကောက်ကိုင်ကာ အတန်းအပြင်ဘက်သို့ ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဤကိစ္စမှာ ဆရာကြီးဆီသို့ မုချရောက်တော့မည်ဟု သိရသည်။

တစ်ခဏမျှကြာသောအခါ ဆရာ ပြန်ရောက်လာပြီး . . .

"လွမ်းဝေ. . . ဆရာကြီးက မင်းကို တွေ့ချင်တယ်တဲ့" ဟု ပြောလေ၏။

ကျွန်တော့်မှာ ဤအတိုင်းဖြစ်ရတော့မည်ကို သိမြင်ပြီး ဖြစ်သည့်အတိုင်း နေရာမှ ချက်ချင်းထလိုက်သည်။

"ဆရာနဲ့ အတန်းကို ကျွန်တော် အနှောင့်အယှက်ပြုမိတာ ဝမ်းနည်းပါတယ်၊ ကျွန်တော် စိတ်မချုပ်တည်းနိုင်လို့ ဖြစ်ရတာမို့ ခွင့်လွှတ်ပါဆရာ"

ကျွန်တော်သည် ဆရာအား တောင်းပန်ကာ ဆရာကြီး၏ အခန်းဆီသို့ ထွက်လာခဲ့သည်။

"ဘာဖြစ်သလဲ ပြောစမ်း"

ဟု ဆရာကြီးက တိုတိုတုတ်တုတ်ပင် မေးသည်။

စားပွဲပေါ်တွင် လှမ်း၍ကြည့်လိုက်ရာ အခြားစာရွက်များ မတွေ့မမြင်ရပေ။

ဆရာသည် ထိုစာရွက်မပါဘဲ ဆရာကြီးအား ထိုးကြိတ်သတ်ပုတ်သည့် အကြောင်းလောက်သာ သာမန်တိုင်ပြောခြင်း ဖြစ်မည်ဟု ဝမ်းသာမိကာ ဆရာ့ကို ပြေး၍ ကျေးဇူးတင်မိ၏။

ဤစာရွက်မရှိလျှင် ဤစာရွက်ပါအကြောင်းကို ထုတ်ဖော်ပြောဆိုရန် မလိုတော့ချေ။

"လှမောင် ကျွန်တော့်ကို စ,လွန်းလို့ မခံနိုင်တာနဲ့ ထိုးလိုက်ပါတယ်"

"စ, တာနဲ့ ဒီလိုထိုးရမလားကွယ့်၊ မင်းဟာ ကျောင်းသားကြီးတစ်ယောက် မဟုတ်လား၊ မင်းလို ကျောင်းသားကြီးတစ်ယောက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကျောင်းလုံးကို စံနမူနာကောင်းကောင်းပြရမယ် မဟုတ်ဘူးလား။ အခုကြည့်စမ်း၊ ဆရာနိုင်ယား လာပြောသွားတယ်၊ လှမောင်မျက်နှာ ကွဲသွားပြီး သွေးတွေ ဒလဟောထွက်နေတယ်လို့ မင်း အခုလို လုပ်လိုက်တာ မင်းမှာ ဘယ်လောက်အပြစ်ကြီးတယ်ဆိုတာ သိသလား"

"သိပါတယ်"

"နို့ . . . သိလျက်နဲ့ မင်း ဘာဖြစ်လို့ လုပ်သလဲ၊ အသိဉာဏ်ရှိတဲ့ လူတစ်ယောက်ဟာ အပြစ်ရှိမှန်း သိတဲ့အလုပ်ကို လုပ်မလား၊ မင်းလုပ်တာ ငါမကျေနပ်ဘူး၊ ငါ့ကျောင်းမှာလဲ ဂုဏ်ထိခိုက်တယ်၊ ကလေးဆိုရင် ကိစ္စမရှိဘူး၊ အခုတော့ လူကြီးတွေ၊ ပြီးတော့ အတန်းထဲမှာ ကိုယ်ချည်း မဟုတ်ဘူး မိန်းကလေးတွေ ဘယ်လိုဖြစ်မလဲ၊ မင်း အခုလုပ်လိုက်တာဟာ ကျောင်းရဲ့ ဂုဏ်သိက္ခာကိုသာ ဖျက်ရာမကျသေးဘူး၊ ကျောင်းသားတွေ ကျောင်းသူတွေရဲ့ စိတ်ထဲမှာ ပညာကို ဖြောင့်ဖြောင့်ထားပြီး မသင်နိုင်အောင် ဖြစ်မနေဘူးလား၊ မင်းကိုတော့ အပြစ်ကြီးကြီး ပေးရလိမ့်မယ်၊ ညနေ ကျောင်းဆင်းချိန် ငါ့ဆီလာခဲ့"

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

ဆရာကြီးလည်း လေအေးအေးကလေးဖြင့် အတော်ပင် ပြောဆိုကြိမ်းမောင်းလိုက်သောကြောင့် စာရွက်အကြောင်းပါ အကြောင်းသို့ မရောက်ခြင်းအတွက်ပင် အလွန့်အလွန် ဝမ်းသာကာ လျင်မြန်စွာ ပြန်ထွက်လာ၏။

ဆရာနိုင်ယားမှာ ပထဝီသင်ကြားနေရာမှ ကျွန်တော့်ကို မြင်သော အခါ ဖျတ်ခနဲ အသင့်ရပ်လိုက်ပြီးလျှင် အကျိုးအကြောင်း စုံစမ်းသော မျက်စိဖြင့် လှမ်းကြည့်၏။

အတန်းကလည်း ထိုနည်းတူပင် လှမ်းကြည့်သည်။

သူတို့၏စိတ်တွင် ကျွန်တော် မြန်မြန်ပြန်လာနိုင်ခဲ့ခြင်း၊ ဆရာ ကြီး၏ ရုံးခန်းဆီမှ ရိုက်သံနှက်သံ မကြားရခြင်းအတွက် အံ့သြနေကြသည့်ပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာက. . .

"ဘယ်နှယ်လဲ"

မေး၍ လှမောင်ကို လွှတ်လိုက်ရန် မှာကြားလိုက်ကြောင်း ပြောပြသည်။

"လှမောင် ဆေးရုံသွားတယ်၊ ဘလင်းနဲ့ သွားကြတယ်"

ဆို၍ ဆရာကြီးထံ ပြန်သွားပြောရန် အလှည့်တွင် ဆရာက. . .

"ကိစ္စမရှိဘူး၊ ဆရာပဲသွားမယ်"

ဟု ပြောဆို ထွက်ခွာသွားသည်နှင့် ကိုယ့်ခုံတွင် ကိုယ်ပြန်နေ၏။

အတန်းသားများမှာ ကျွန်တော့်ကို စကားမပြောဝံ့ကြတော့သကဲ့သို့ တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်နေကြသည်။

ကျွန်တော်စကားမစလျှင် ဆရာပြန်လာသည်သည်အထိ သူတို့က စ, တော့မည်မဟုတ်သောကြောင့် အကြောင်းကိုလည်း စုံစမ်းမေးမြန်းလိုသည်နှင့် . . .

"သာဒင် . . . လှမောင် တော်တော်များသွားလား"ဟု မေးကြည့်သည်။

"များတယ်ထင်တယ်၊ ပါးစပ်က သွေးတွေသိပ်ထွက်တာပဲ၊ ငါမြင်တော့ နှုတ်ခမ်းလဲကွဲသွားတယ်၊ သွားတစ်ချောင်းလဲကျိုးသွားတယ်၊ နောက်တစ်ချောင်းတော့ မကျွတ်တကျွတ်ကြီးဖြစ်နေတယ်"

"ငါသိပ်ဝမ်းနည်းတာပဲကွာ၊ ဒီကောင့်ကို ဒီလောက်လုပ်ဖို့ မရည်ရွယ်ပါဘူး၊ ဘယ်နှစ်ချက်လောက် ထိုးမိသွားသလဲ"

"ငါကြားတာတော့ ငါးချက်ပဲ၊ စံမြကတော့ ဆယ်ချက်လောက်ရှိမယ်ပြောတာပဲ၊ နို့ ဆရာကြီးက ဘာပြောလိုက်သေးလဲ"

"ကြိမ်းတာပေါ့ကွာ၊ ငါလဲ ငါ့အပြစ်မို့ ဘာမှမထုချေပါဘူး၊ ပေးသမျှ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဒဏ် ခံမယ်လို့ ဆုံးဖြတ်ထားတယ်"

"ဘာအပြစ်ပေးလိုက်သလဲ"

ဟု မရင်နုက လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဘာအပြစ်ပေးမယ်တော့ မသိသေးဘူး။ ညနေ ကျောင်းဆင်းမှ သိရမယ်"

ထိုအတွင်း ဘယ်သူဘာမှ ဆက်၍မပြောနိုင်မီ ဆရာနိုင်ယား ပြန်ရောက်လာပြီးလျှင် ဘာမှမဖြစ်သကဲ့သို့ ပထဝီဘာသာ ဆက်သင်ကြားနေ၏။

ကျွန်တော့်အဖို့မှာ ပထဝီကိုမကြား။ အတင့်၏ ဝုဏ်မပျက်ဘဲနှင့် ပြီးစီးသွားတော့မည်ဖြစ်၍ စိတ်အေးရလေသည်။

တစ်ခဏမျှကြာသောအခါ နွေလယ်ကျောင်းဆင်း ခေါင်းလောင်းထိုးလေ၏။

အိမ်သို့ပြန်၍ ထမင်းစာကြမည့်သူများမှာ အိမ်အပြန် သလောင်းထူး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ဆောင်ယူသွားမည်ဖြစ်သောကြောင့် ခါတိုင်းထက် သွက်လက်စွာ ပြန်ကြလေသည်။

အိမ်သို့မပြန်ဘဲ ကျောင်းတွင်ဝင် သွားရည်စာဝယ်စားမည့်သူများမှာလည်း သွားရည်စာကို ဖြောင့်အောင်မစားနိုင်သေးဘဲ ယနေ့ဖြစ်သည့် ကျောင်းသတင်းကို တစ်ယောက်တစ်ဆင့်ပေးနေကြသည်။

ခါတိုင်းတွင် ကျွန်တော်နှင့် ထမင်းစားပြန်သူများသော်လည်း ယခုမူ တစ်ယောက်တည်းသာ ကျန်ရစ်တော့၍ တစ်ယောက်တည်း ပြန်လာခဲ့ရသည်။

အတင့်၏ နာမည်ပါမလာလျှင်တော်ပြီ၊ ယခုအခါ အတင့်နာမည်ကား မပါသေး၊ လှမောင်ကို စစ်သည့်အခါ အတင့်နာမည်မပါဘဲ ထွက်ဆိုဖို့ရန် တောင်းပန်ရလျှင် ကောင်းလိမ့်မည်ဟု တွေးတောမိသည့်အတိုင်း လမ်းတွင် လှမောင်တို့အိမ်သို့ ဝင်ခဲ့လေ၏။

ကျွန်တော်ရောက်လျှင် ပျာပျာသလဲ နှုတ်ဆက်နေကျ အိမ်သူအိမ်သားများမှာ ပျူပျူငှာငှာမရှိကြဘဲ ဖြစ်နေသည်။

ထို့အတွက် သူတို့အားလည်း အပြစ်မတင်သာချေ။

သူတို့က စကားတစ်ခွန်းမျှ မပြောကြသဖြင့် ကျွန်တော်ကပင် စတင်ကာ. . .

"လှမောင် ဘယ့်နှယ်နေပါသေးသလဲ"

ဟု မေးရ၏။

ဒဏ်ရာကြီး၍ ဆေးရုံသွားတာ ဆေးရုံကပင် ပြန်မရောက်သေးကြောင်းဖြင့် ခပ်ပြတ်ပြတ်ပြောလေသည်။

ကျွန်တော်လည်း ဝမ်းနည်းစကားကို တကယ်ပင် ဝမ်းနည်းမိသည့်အလျောက် လှိုက်လှိုက်လှဲလှဲ ပြောလျက် ပြန်လှည့်ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ကျွန်တော့်အား မပြောချင်ပြောချင် ပြောသောဖိမ်မိုးကို နောက်တစ်ခေါက်ဝင်ဖို့ရန် မလျော်သော်လည်း ဖြစ်ပြီးသောကိစ္စကို လှမောင်နှင့် စည်းဝါးကိုက်အောင် ညှိဖို့လိုသေးသောကြောင့် ကျောင်းသို့ အပြန်တွင် ဝင်မေးပြန်၏။

လှမောင် ပြန်မရောက်သေး ပြောသည်နှင့် ကျောင်းဆီသို့ပင် ဖြည်းဖြည်းလျှောက်၍ လာခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၂)

## လက်ကိုင်ပုဝါမှ စီရင်ချက်

ကျောင်းတက်ခေါင်းလောင်းမထိုးမီ ၅ မိနစ်အလို၌ ကျောင်းသို့ ရောက်လျက်နှင့် ထိုမျှလောက် မေးလားမြန်းလားအလုပ်ခံရလျှင် ထိုထက်စောရောက်၍များ ရောက်လျှင် ဘယ်လိုများ မေးမြန်းစုံစမ်းကြမည် မသိပေ။

ကျောင်းသားကြီးတိုင်းကလို မေးကြ၏။

ဆရာတိုင်းကလိုပင် မေးကြ၏။

မိန်းကလေးများကမူ မေးလိုလျက် ကြောက်ရွံ့သဖြင့်လားမသိ၊ လှမ်း၍သာ ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏချင်းအတွင်း ကျွန်တော့်မှာ လူတကာ၏ သက်ဝင်မကောင်း ကြောက်ရွံ့ခြင်း ခံရသူအဖြစ်သို့ ရောက်ရှိသွားသည်။

အဘယ်မျှလောက် ကျွန်တော် မှားယွင်းသွားကြောင်းကို တစ်ချိန်ထက်တစ်ချိန် ပို၍ သိလာလေသည်။

သို့ရာတွင် လှမောင်ကဲ့သို့သောသူ တစ်ယောက်၏ နှုတ်ကို မိန်းကလေးတစ်ဦး၏ ဂုဏ်သိက္ခာအတွက် ပိတ်ဆို့လိုသဖြင့် ပိတ်ဆို့ရာ၌ ညှိနည်းမှအပ အခြားနည်း မရှိဟုဆိုလျှင် ညှိနည်းအတိုင်းပင် ဝန်မလေးဟု မှတ်ထင်မိပြန်လေသည်။

ကျောင်းတက်ခေါင်းလောင်း ထိုးသောအခါမှပင် ကိုယ့်အတန်းသို့ ကိုယ် ကိုယ်စီကိုယ်င သွားရောက်ကြရသဖြင့် အမေးအစမ်း ရပ်စဲသွားသည်။

အများဆုံး မေးစမ်းသွားကြသော ကိစ္စမှာ ဆရာကပြောသည်၊ ဘယ်ကဲ့သို့ အပြစ်ပေးမည် ပြောမည်ဆိုသော ကိစ္စပင်ဖြစ်လေသည်။

ကျွန်တော့်စိတ်တွင် ကျောင်းဆင်းချိန် ဆရာကြီး မည်ကဲ့သို့ အပြစ်ပေးမည်နည်းဟု တထင့်ထင့် မဖြစ်ရုံမျှမက အပြစ်ကို ခံဖို့ရန် အရန်သင့်ရှိပေသည်။

သူတို့ သူတို့၏ စိတ်တွင်းကား ဆရာကြီးပေးမည့် အပြစ်ကို သိလိုရေးဖြင့် နားတစွင့်စွင့် ရှိနေရုံထက် ပိုမည်မဟုတ်ပေ။

မိနစ် ၂၀ခန့်ကြာသောအခါ လှမောင်၏ဖခင် ဦးပြားကြီး ဆရာကြီးရုံးခန်းဘက်သို့ သွားသည်ကို မြင်ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

ဤအချိန်မှစ၍ မည်သူမျှ စာကို စိတ်ပါလက်ပါ မနာယူကြတော့ဘဲ လေထဲတွင် ပျံ့ဝဲလျက်ရှိသည့် မမြင်ရသေးသော အဖြစ်အပျက်သတင်းကိုသာ နားစွင့်နေကြကုန်သည်။

တစ်ခဏကြာလျှင် သာဒင်၊ ဘလင်း၊ စံမြနှင့် မရင်နုတို့ကို ဆရာကြီးက တွေ့လိုသည့်အကြောင်း မင်းစေလွှတ်၍ အကြောင်းကြားသောကြောင့် အတန်းထဲမှ ထွက်ခွာလိုက်ပါသွားကြရသည်။

၁၀ မိနစ်ခန့်လောက်တွင် မရင်နု ပြန်လာ၏။

ကျွန်တော် မည်ကဲ့သို့မျှ မဖြစ်သော်လည်း အတန်းသားအားလုံး၏ မျက်နှာတွင် သိလိုရေးဖြင့် စိတ်စောနေကြသည့်လက္ခဏာသာ လွှမ်းစွာထင်ရှားနေပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သာဒင်၊ ငုဝ်းနောက် ဘာလင်းနှင့် စံမြ ပြန်ရောက်လာကြသည်။

ဆရာ စာသင်နေသောကြောင့် မည်သူမျှ မမေးဝံ့ဘဲ မျက်စိချင်းသာ သတင်းပို့နိုင်သလောက် ပို့နေကြသည်။

မိနစ် ၄၀ ကုန်လျှင် ဆရာ့အလှည့်ပြီး၍ ထွက်ခွာသွားပြီးနောက် အင်္ဂလိပ်စာ ပညာသင်ဆရာ ရောက်ဖို့အချိန်သို့ ရောက်လာ၏။

ဆရာများ အတန်းအငှပြောင်းအလဲတွင် ၂ မိနစ်၊ ၃ မိနစ်ခန့် အတန်းထဲ၌ ကျောင်းသားများချည်းရှိရာ ဤအခါတောအတွင်းမှ . . .

"ဘယ့်နှယ်လဲ၊ ဘာတွေမေးသလဲ၊ လှမောင်အဖေ ဘာလာပြောတာလဲ"

စသည်အားဖြင့် သွက်သွက်ကြီး မေးမြန်းနေကြ၏။

ကျွန်တော့် အဖို့မှာမူ စိတ်မဝင်စားသကဲ့သို့ မလှုပ်မယှက်ပင် နေမိလေသည်။

"ဆရာကြီး စစ်တာပေါ့ လှမောင်အဖေ့ရှေ့မှာ၊ လှမောင်အမေ တတော့ သိပ်ကျေနပ်ပုံ မရဘူး"

သာဒင်တို့ အသံဗလံများကို ကြားနေသည့်တိုင် ကျွန်တော်သည် ခေါင်းမလှည့်ဘဲ စာအုပ်ကိုသာ ကြည့်မိကြည့်ရာ စိုက်ငုံ့နေလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

"လွမ်းဝေ. . . ဆရာကြီး မင်းကို တော်ရုံတန်ရုံပဲ ထုံးမချင်ပါတယ်၊ ဒါပေမယ့် လှမောင်အဖေကြီးကတော့ ကျေနပ်ပုံ မရဘူး၊ ဒီကိစ္စဟာ တော်တော်ရှည်နေလိမ့်မယ် ထင်တယ်"

အတန်းဖော် မော်နီတာ ဘလင်းတစ်ယောက်သာ အနားသို့ ကပ်လာကာ ပြောဝံ့သူရှိသည်။

ကျွန်တော်နှင့်ဘလင်းမှာ အလွန်ရင်းနှီးသော သူငယ်ချင်းများ ဖြစ်ကြသည်။

ဘလင်းကို မေးချင်သည့် အကြောင်းတစ်ခုရှိ၏။

ကျောင်းတက်ခေါင်းလောင်းထိုး၍ အတန်းထဲ ဝင်လာစဉ် ထိုအကြောင်းကို မေးချင်၏။



www.burmeseclassic.com

www.burmeseclassic.com



အလင်းမှာ လှမောင်အား လိုက်၍ကူညီနေရသောကြောင့် ဆရာကြီး မဒေါ်ဗီကလေးထွေဇ်မှ ပြန်ရောက်လာသည့်အတွက် မေးခွင့်မရရှိခဲ့သည်။

အလင်းကို မျက်စိမှိတ်ပြလိုက်ကာ အပြင်စရန်တာသို့ ခေါ်ခဲ့လေသည်။

"မင်းကို လှမောင်/အာပြောသလဲ၊ အာကြောင့်ဆိုးတယ်လို့ ပြောသလဲ"

"အတင့်က မင်းကိုပေးတဲ့ လက်ကိုင်ပုဝါအကြောင်း၊ သူကစမိလို့ မင်းကဆိုးတယ်ဆို"

"ခွေးမသား. . . မင့်ကို ဒီလိုပဲ နာမည်ဖော်ပြီး သမုတ်သလားကွာ"

"ဟေ့. . . ဒါလည်း ပြောလိုက်ပါတယ်၊ တယ်သူကစစ်စစ် ဒီလက်ကိုင်ပဝါအကြောင်း တယ်သူ့မှ မပြောနဲ့ အတင့်အကြောင်း တယ်လိုမှ ပါမလာစေနဲ့လို့ ပြောလိုက်တယ်၊ ဟို့အချင်းချင်းမို့ မေးစမ်း ပါရစေ၊ ဒီလက်ကိုင်ပုဝါဟာ အတင့်က မင်းကို ပေးတာလား"

အတင့်၏ လက်ကိုင်ပဝါ မိုးကာအကျီထဲသို့ ရောက်လာပုံများကို ကျွန်တော်က ရှင်းပြလိုက်ပြီးနောက်. . .

"အတင့်က ငါ့ကို ပေးတာပဲဆိုပြီး သားပုပ်လေလွင့် ပြောမှာစိုးလို့ ငါမှာ ပူလိုက်ရတာကွာ၊ နောက်တစ်ခါ တနေ့ရာပြီး လာပြောင်ပြန်တော့ အဆိုးလိုက်မိတာပဲ၊ ဆရာကြီးစစ်တော့ ဒီကောင့် တကို မမေးဘူး၊ ဘာကအရောနိုင်ယားဆီမှာလား၊ ဆရာကြီးဆီမှာ ဝဲလားတော့ မသိဘူး၊ ဒီကိစ္စထဲ အတင့်နာမည်တော့ ပါမလာစေချင်ဘူးကွာ၊ သူ့မှာ ဟုတ်ရင်တော်အစော်ရှက်ဖို့ကောင်းမှာ၊ မဟုတ်တာနဲ့ဆိုတော့ သာပြီးနစ်နာမှာပဲ မဟုတ်လားကွာ"

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

အလင်းသည် မျက်မှောင်ကြုတ်ထားကာ လှမောင်၏ အပြုအမူများကို သူကိုယ်တိုင်ပင် ထိုးချင်စိတ် ပေါက်ယောင်ရှိနေပေသည်။

ကျွန်တော်စကားအဆုံး၌. . .

"ဟိုလူဒီလူ လျှောက်ပြောရင် ရှက်စရာပေါ့"

ဟု စိတ်ပျက်စွာ ညည်းပြောနေသည်။

"တို့သုံးယောက် စစ်ချက်ကို လှမောင်အဖေကြီးက သူ့သားဘက်က မလိုက်ဘဲ မင်းဘက်ကချည်း လိုက်ပြောရမလားလို့ ကျေနပ်ပုံ မရဘူး၊ မရင်နဲ့ အစစ်ခံချက်က ထိတယ်ကွ၊ ကိုလှမောင်ဟာ ရှုပ်ရှုပ်နောက်နောက်၊ ကိုလွှမ်းဝေကတော့ တည်တည်ပဲ၊ အတန်းထဲ ကျောင်းသားများရင် ကိုလှမောင် နောက်လို့ ရွှတ်လို့ များတာချည်းပဲလို့ ဒီသလို အစစ်ခံ


www.burmeseclassic.com

www.burmeseclassic.com



တယ်ကွ"

ထိုအတွင်း အင်္ဂလိပ်စာသင်ဆရာ ရောက်လာသဖြင့် အတန်းထဲသို့ ဝင်လာကြရလေ၏။

ညနေပိုင်းတွင် စာသင်ချိန် ၃ ချိန်သာ ရှိရာ နောက်ဆုံးမှာ 'လယ်ယာစိုက်ပျိုးခြင်း အတတ်ပညာ' သင်ချိန်ဖြစ်၏။

ထိုအချိန်သို့ရောက်မှ လှမောင်၏အဖေကြီး ပြန်သွားသည်ကို တွေ့ရပြန်လေသည်။

ကျောင်းမဆင်းခင် ၁၅ မိနစ်အလိုတွင် ဆရာကြီးက အခေါ် လွှတ်သဖြင့် ကျွန်တော် သွားရသည်။

နံနက်ပိုင်းကကဲ့သို့ပင် တာဝန်ပျက်ကွက်ပုံအမျိုးမျိုး ညွှန်ပြ၍ အပြစ်၏ ကြီးလေးခြင်းကို ထင်ရှားစေကာ တစ်ကျောင်းလုံးကို စံနမူနာ ပြုရမည့်အရေးဖြစ်သောကြောင့် ကြိမ်လုံးဖြင့် ရိုက်ရလိမ့်မည့် အကြောင်း ပြောဆိုကာ ကြိမ်လုံးကြီးကို ဆွဲထုတ်လေ၏။

(ထိုစဉ်အခါက ကျောင်းသားများကို အသက်ကြီးငယ်မရွေး ဆရာများက ရိုက်နှက်ခွင့် ရှိသေး၏။)

ကျွန်တော်၏လက်ကို ကျောင်းစာရေးကတစ်ဖက်၊ မင်းစေက တစ်ဖက် ဆွဲကိုင်စေပြီးလျှင် ကြိမ်လုံးဖြင့်ကျောနှင့်တင်ကိုဆက်ကာ တအားလွှဲလိုက်ရိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

တစ်သက်တွင် ထိုမျှလောက်နာကျင်သောဒဏ်ကို မခံဘူးပဲရှိချေသည်။

ဘယ်နှစ်ချက်ရိုက်သည်မသိ၊ တင်ပါးပေါ်ကြိမ်ချက်ကျတိုင်း ကျတိုင်း၊ မျက်လုံးထဲတွင် ဝင်းခနဲမိုက်ခနဲဖြစ်ကာ

"သွားတော့"

ဟုဆရာကြီးက လွှတ်လိုက်သောအချိန်တွင် ရုတ်တရက်လမ်း လျှောက်၍ မရဘဲ ခဏရပ်ဆိုင်းနေရလေသည်။

ထိုနောက်တွင်မှ တဖြည်းဖြည်းအတန်းဆီသို့ ပြန်လာခဲ့ရသည်။

အတန်းထဲဝင်လျှင် ဆရာလည်း၊ မျက်နှာမကောင်း။ ကျောင်းသူ ကျောင်းသားများလည်း မျက်နှာမကောင်းဘဲ ကျွန်တော့်အား သနားခြင်း



www.burmeseclassic.com

www.burmeseclassic.com



မကောင်းသော အမူအရာများဖြင့် တသင်ရပ်ကာ ကြည့်နေကြသည်။

ကိုယ့်နေရာနှင့်ကိုယ်ရောက်၍ ထိုင်လိုက်သောအခါ တင်ပါးပေါ်တွင် တင်ထားစဖြစ်သော ကြိမ်ချက်များ၏အရှိုးတို့မှာ လွန်စွာ နာကျင်လှသောကြောင့် တစ်ကိုယ်လုံးတွန့်လိမ်၍သွားပြီးလျှင် ဆတ်ခနဲ ပြန်၍ ထလိုက်ရ၏။

ထိုအတိုင်းပင် ကျွန်တော်၏အာပွဲစုံ၌ ထ၍ နေရလေ၏။

ကျွန်တော်၏ အဖြစ်ကိုမြင်ရသော ဆရာနှင့်တစ်တန်းလုံးမှာ တစ်ခဏကထက်ပို၍ ကရုဏာသက်သွားသည့်အသားမျက်နှာမျက်နေ ကြသည်။

ဆရာသည် ဆက်၍တသင်ရန် ကြိုးစားသော်လည်း အသံတစ်ချို့ ဖြစ်၍ မကောင်းမြင်၊ တသင်လုံးရပ်လိုက်ကာကျွန်တော်ကို ကြည့်နေစဉ်ပင် ကျောင်းဆင်းခေါင်းလောင်းကြီး ထိုးလိုက်၍ တစ်ကျောင်းလုံး ဆူဆူညံညံ အိမ်သို့ပြန်ရန်ဖြစ်ကြလေ၏။

ထိုစဉ်က မိုးသည်ညနေကျောင်းဆင်းချိန်တွင် မှန်မှန်ကြီးရွာနေ လေသည်။

ကျွန်တော်အရိုက်ခံရသောနေ့ကလည်း ကျောင်းသားများ တစ် ယောက်မှ မရောက်သေးမီ မိုးကြီးသည်းထန်စွာ ရွာနေလေသည်။

ကျွန်တော့်မှာ တခြားကျောင်းသားများနှင့် ရော၍လိုက်မသွားတဲ့ ဆရာများ၏ ခေါ်ငင်မပြန်ခြင်း၊ ပျောင်းဖျခြင်းကို ခံယူလျက်ရှိသော ကြောင့် မိုးမစဲသေးတဲ့ ရှိနေသည်။

မိုးစဲမှပင် ကျွန်တော် ပြန်လာခဲ့သည်။

လမ်းတွင် တလင်းက အမျိုးမျိုး အားပေးနေသည့်အတွက်

"ဟောကောင်. . . ငါနည်းနည်းပါးပါးနာတာကလွဲပြီး အကြံမဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွ၊ အရိုက်ခံရလို့ ငါမရှက်ပါဘူး၊ သူ့အကြောင်း ပေါ်မလာဘဲနဲ့ ပြီးသွားရလို့ တစ်ဖက်က ဝမ်းတောင်သာရသေးတယ်၊ တစ်ခု မင်းဆောင်ကြဉ်းပေးနိုင်ရင်တော့ လှမောင်တို့အိမ် ငါသွားလို့ မကောင်းသေးဘူး၊ မင်းသွားပြီး ငါ့ကိုစိတ်မဆိုးဖို့အကြောင်း ပြောပြပါကွာ၊ ဒဏ်ရာအတွက် ငါ သတင်းမေးတဲ့အကြောင်းလဲ ပြောပါ" ဟု ပြောရလေသည်။

လှမောင်တို့အိမ်ရှေ့သို့ ရောက်၍ လူချင်းခွဲကာ ဘလင်းသည် လှမောင်တို့အိမ်ထဲသို့ ဝင်သွားလေသည်။

ကျွန်တော့်မှာ လှမောင်အတွက် အမျက်ပြေအောင် ဘလင်းပြောလိမ့်မည်ကို ဝမ်းသာလာမိသည်။

အတင့်အိမ်ရှေ့သို့ရောက်လျှင် တစ်ချက်မျှ အရိပ်အခြည်ကို တစေ့တစောင်း ကြည့်မိသေး၏။

မည်သူကိုမျှမမြင်၍ အိမ်ဆီသို့သာ ထော့နဲ့နဲ့ လျှောက်ပြန်လာခဲ့သည်။

ကျွန်တော့်မိဘများကို တော်ရုံသင့်ရုံသာ ပြောပြသည့်အခါတွင် ဒေါသကို မချုပ်တည်းနိုင်သူတစ်ဦးအား အရိုက်ခံရခြင်းသည် နည်းသေးသည်။

ကျောင်းထုတ်မပစ်ခြင်းပင် တော်သေးသည်။

အသက်အရွယ်လည်း မငယ်ပြီဖြစ်၍ နောက်နောင် မမိုက်မှားဖို့ အကြောင်း ဆိုကြပြောကြလေ၏။

နောက်တစ်နေ့ ကျောင်းတက်ချိန်မတိုင်မီ ကျောင်းသို့ရောက်သွားသည်။

ကျောင်းသားတိုင်းပင် အုံခြွနေပုံရသည်။

ကျွန်တော့်အား အရှက်တကွဲ အကျိုးနည်းအောင် နာနာကြီး ရိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် မုချကျောင်းထွက်သော် ထွက်မည်၊ မထွက်စေကာမူ အရှက်ပြေရုံ လေးငါးရက် ကျောင်းမတက်ဘဲနေလိမ့်မည်ဟု တွေးထင်နေကြသည်။

ဆရာများကိုယ်တိုင်ကပင် အံ့အားသင့်နေပုံရလေ၏။

ကျွန်တော် ရှက်တတ်မှန်းသိကြ၍ အရှက်ကြောင့် လာမည်ဟု မထင်ကြ။ ကြိမ်ဒဏ်ကြောင့် မထနိုင်၊ ဆေးဝါးကုသနေဦးမည်ဖြစ်၍ မလာဘဲနေလိမ့်မည်ဟု တွေးထင်နေကြသည်။

ဆရာကြီးပင်လျှင် ကျွန်တော့်ကို မြင်လိုက်၍ ရုတ်တရက်အံ့သြ အံ့အားသင့်သကဲ့သို့ တွေဝေသွားသည်။

အတန်းထဲ၌ ကျောင်းသားများ ကျွန်တော့်ကို ဝိုင်းအုံ၍ စိတ်မကောင်းကြောင်း ပြောနေကြ၏။

မိန်းကလေးများမှာ ကျောင်းတက်ချိန် မကျသေး၍ မိန်းကလေးသီးသန့်ခန်းထဲတွင် စုရုံးစကားပြောနေကြရာက ကျွန်တော့်ဘက်ဆီသို့ မကြာခဏ လှည့်ကြည့် ပြောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

ကျောင်းတက်ခေါင်းလောင်းထိုး၍ နေ့စဉ်ထုံးစံဖြစ်သည့်အတိုင်း ကိုယ်အတန်း၊ အပြင်တက်တွင်ထွက်ကာ စီတန်းရပ်ကြရသည်။

ဒုတိယ ခေါင်းလောင်းတစ်ချက်ထိုးလိုက်လျှင် ကျောင်းသားများသည် စီတန်းလျက် အဆောက်အဦ ကျောင်းခန်းမကြီးရှိရာသို့ သွားရောက်ကြ၏။

အခန်းမကြီးထဲရောက်၍ ကိုယ့်အတန်းနေရာနှင့် ကိုယ့်လူစီပြီး၊ သလောက်ရှိချိန်တွင် ခေအာက်မှ အားစက်သံနှင့် အားမြန်ပြီးကော်နီးဝေကို ကြားကြရာ အတင်၏ကားသံသည် နေ့စဉ်နှင့်အမျှ ကြားနေကြဖြစ်၍ လူတိုင်းသိကြသည်။

အတင်သည် သွက်သွက်လက်လက်တက်လာသော မိန်းကလေး

www.burmeseclassic.com



များနှင့်ရော၍ စီတန်းရပ်လေသည်။

ဆရာကြီးသည် အခန်းမကြီးထဲသို့ ဝင်ရောက်လာကာ စင်မြင့်ပေါ်သို့ တက်လေ၏။

၅၀၀ ကျော်ခန့်ရှိ ကျောင်းသားကျောင်းသူတို့ ငြိမ်သက်စွာ ရပ်နေကြပုံမှာ အပ်ကျလျှင်ပင် ကောင်းစွာ အသံကြားနိုင်မည် ဖြစ်လေသည်။

ဆရာကြီး၏ ထုံးစံမှာ နံနက်တိုင်းပင် ကျောင်းသားများအား ဤကဲ့သို့ စုဝေးစေ၍ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းများ၊ ယဉ်ကျေးဖွယ်ရာ တရားများကို ၁၀ မိနစ်ခန့် ပြောဟောသောအလေ့ ရှိသည်။

"အခု မိုးရာသီဝင်လာပြီ၊ ကျောင်းသား၊ ကျောင်းသူတွေဟာ အဝတ်အထည် အပိုတစ်ခုကို အိမ်ကယူလာပြီ၊ ကိုယ့်အမှတ်အသားနဲ့ ကိုယ့်အတန်းဆိုင်ရာ အတန်းအုပ်မှာ အပ်ထားကြရမယ်၊ လမ်းမှာ မိုးမိလို့ ရွှဲလာရင် အဝတ်စိုကြီးနဲ့ မနေရဘူး၊ ချက်ချင်း လဲပစ်ရမယ်၊ စိုတဲ့အဝတ်တွေကိုညှစ်ပြီး ကစားရုံကြိုးတန်းထားတဲ့နေရာမှာ သွားလှမ်းကြရမယ်၊ ကျောင်းဆင်းချိန်ကျတော့ ကိုယ့်အဝတ်ကို ယူလဲသွားနိုင်တယ်၊ မိုးဦးကျစမှာ ကျန်းမာရေးကို အထူးသတိပြုကြရမယ်"

"ကိုယ် မကျန်းမာရင် ကိုယ်တစ်ယောက်သာ ထိခိုက်ရုံမကဘူး၊ တစ်အိမ်သားလုံး ထိခိုက်မယ်၊ အစားအသောက်ကို အထူးဆင်ခြင်ကြ၊ ယင်နားတဲ့အစားအစာ၊ ခါတ်လျှော့တဲ့အစားအစာ ရှောင်ကြရမယ်၊ ပူနွေးတဲ့အစားအစာသာ စားရမယ်၊ မင်းတို့တွင်မဟုတ်ဘူး မင်းတို့ရဲ့ အိမ်သားတွေကိုရော အိမ်နီးပါးချင်းတွေကိုပါ မင်းတို့က နမူနာကောင်း၊ လမ်းကောင်းပြရမယ်"

"မင်းတို့ကို ပညာတတ်စေချင်လို့ ပိုက်ဆံကုန်ခံ သင်ပေးနေတာတွေ အချည်းနှီး မဖြစ်စေရဘူး၊ မင်းတို့လည်း တတ်စေရမယ် မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



တတစ်ဆင့် မိဘတွေကို သိစေရမယ်၊ တစ်မြို့လုံး မင်းတို့က စံနမူနာ ပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

ကျောင်းသားအားလုံးပင် ဆရာကြီး၏ဩဝါဒကို ငြိမ်နားထောင်နေကြသည်။

ဆရာကြီးသည် ဤတွင် စကားဖြတ်လျက် ကျောင်းသားအုပ်ကြီးကို တွေ့ရှုကြည့်လိုက်ပြီးနောက် ဆက်၍ပြောလေ၏။

“မနေ့က တို့ကျောင်းမှာ ဝမ်းနည်းစရာကိစ္စတစ်ခု ဖြစ်ပွားသွားတယ်၊ ဆယ်တန်းကျောင်းသားတစ်ယောက်က ကျောင်းသားတစ်ယောက်ကို လက်သီးနဲ့ထိုးတယ်၊ အထိုးခံရတဲ့ကျောင်းသားဟာ ဒီနေ့ကျောင်းမတက်နိုင်သေးဘူး၊ ပညာသင်ရက် တစ်ရက်ပျက်သွားပြီ၊ နောက်ဘယ်နှစ်ရက် ပျက်ဦးမယ်မသိဘူး၊ သူ့မှာလည်း နစ်နာတယ်၊ မိဘမှာလည်း နစ်နာတယ်၊ ကျောင်းလည်း နစ်နာတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ ဘာကြောင့်လဲဆိုရင် ကျောင်းသားတစ်ယောက်ဟာ မလုပ်အပ်တဲ့အလုပ်မျိုး သွားပြီးလုပ်ရဲ့အတွက်ကြောင့်ပဲ၊ ဒါဟာ ပညာတက်ကနစ်နာတာသာရှိသေးတယ်၊ တို့ကျောင်းရဲ့ ဂုဏ်ပျက်တာလည်း ရှိသေးတယ်၊ တစ်ယောက်နဲ့ တစ်ယောက်သဘောချင်း မတိုက်ဆိုင်ရင် ဓားနဲ့ ထစုတ်တတ်တယ်၊ တုတ်နဲ့ ထရိုက်တယ်၊ လက်သီးနဲ့ ထထိုးတယ် ဆိုတာတွေဟာ ပညာနည်းတဲ့စရိုက်ကြမ်းတဲ့ လူအရိုင်းတွေသာ လုပ်တဲ့အလုပ်၊ မင်းတို့ဂေါ်ရင်ဂျီတွေရန်ဖြစ်တာ မြင်ဖူးတယ်မဟုတ်လား၊ ဂေါ်ရင်ဂျီကုလားတွေ တစ်ယောက်နဲ့တစ်ယောက် သဘောချင်း မတိုက်ဆိုင်ရင် ဆပြီး ထိုးလား၊ ပုတ်လား မလုပ်ဘူး၊ စကားများရုံပဲ များကြတယ်"

ကျောင်းသားတစ်ကြီး၏ ဝါးခနဲရယ်လိုက်သောအသံမှာ ခန်းမကြီးတစ်ခုလုံး ဟိန်းသွားလေသည်။

"ဒါ ရယ်စရာမဟုတ်ဘူး၊ ဒါရှက်စရာကောင်းတဲ့အလုပ်၊ နောက်နောင် တို့ကျောင်းမှာ ဒီလိုဖြစ်တာကို မကြားချင်ဘူး"

"ဒီလိုဖြစ်လာတော့ ဆရာတွေလည်း လူယဉ်ကျေးတွေလို မလုပ်နိုင်ကြတော့ဘဲ အောက်တန်းဆင်းပြီး လူရိုင်းတွေလို တုတ်ကိုင်ပြီးဆုံးမရတယ်၊ ဒါကောင်းသလား၊ လူတစ်ယောက်နဲ့တစ်ယောက် စကားနဲ့ ပြောရုံနဲ့ အစစညှိညွှတ်ပြီးစီးနိုင်မယ်ဆိုရင် အဲဒီအခါဟာ လူတို့ရဲ့ယဉ်ကျေးခြင်းရဲ့ ခေါင်ထိပ်ခေါင်ဖျားပဲ"

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

"ဒီတော့ လူလောကကြီးတစ်ခုလုံး ဒီအဆင့်အတန်းကို တစ်ပြိုင်နက် တစ်ချက်တည်း ညီညီညာညာရှိကြမှ ရောက်ကြရမယ်လို့ မဟုတ်ဘူး။ အရင်ရောက်နိုင်တဲ့ လူအစုအဝေးဟာ အရင်ယဉ်ကျေးတာပဲ"

"ဥပမာ ဆရာတို့ကျောင်းဟာ အရင်ဦးဆုံး ယဉ်ကျေးအောင်ကြိုးစားနေကြတယ်၊ ဒါကို ဖျက်လိုဖျက်ဆီးမလုပ်ထိုက်ဘူး၊ ဒါနဲ့ ထိုက်တန်အောင်သာ လုပ်ကြရမယ်၊ ပညာသင်တယ်ဆိုတာ ဒီရည်ရွယ်ချက်ကြီး အရင်းခံပဲ"

"နောက်တစ်ခု ပြောစရာရှိသေးတယ်၊ ကျောင်းသူကလေးတွေနဲ့ သက်ဆိုင်တဲ့ကိစ္စဖြစ်တယ်၊ ဒီမနက်ကျောင်းသူကလေးတွေရဲ့သီးသန့်စားသောက်ခန်းရှေ့မှာ စက္ကူစုတ်တွေနဲ့ ရှောက်သီးခွံတွေ အများကြီးပဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတယ်၊ အခန်းထဲမှာ အမှိုက်ခြင်းတစ်ခု ပေးထားတယ်၊ ဒီအမှိုက်ခြင်းဟာ အမှိုက်ထည့်ဖို့ဆိုတာ ကလေးကအစ ဒီကျောင်းမှာ သိနေကြတယ်လို့ ဆရာထင်မိတယ်"

"ကျောင်းသူတွေဟာ သိပုံမရဘူး၊ တိုင်းပြည်တစ်ပြည်မှာ မိန်းကလေးတွေ အင်မတန် အရေးကြီးတယ်၊ သန့်ရှင်းစင်ကြယ်ခြင်းဆို တာ ကိုယ်ကိုယ့်ကို ဖြီးလိမ်းပြီး အင်္ကျီလှလှပပကို ရေမွှေးဆွတ်ဝတ်တာ မဟုတ်ဘူး၊ အင်္ကျီတော့လှလှပပဝတ်တတ်တယ်၊ ကိုယ်ပတ်ဝန်းကျင်မှာတော့ ညစ်ပတ်ပေရေ ရှုပ်ထွေးနေတယ်ဆိုရင် ဘယ်သန့်ရှင်းရာ ရောက်တော့မလဲ၊ ကိုယ်တစ်ယောက်တည်းသန့်ရှင်းနေရုံနဲ့ မသန့်ရှင်းသေးဘူး၊ ကိုယ်ပတ်ဝန်းကျင်ပါ သန့်ရှင်းမှ ကိုယ်၏သန့်ရှင်းခြင်းရဲ့ အကျိုးကျေးဇူးကို အပြည့်အဝခံစားနိုင်မယ်"

"ဘေးပတ်ဝန်းကျင်ကို သန့်အောင်မလုပ်ဘဲ ကိုယ့်ကိုယ်ကိုလောက်သာ သန့်အောင်လုပ်တာဟာ အဓိပ္ပါယ်မရှိဘူး၊ ဘာနဲ့တူသလဲဆိုရင် မီးသွေးတိုက်ထဲမှာ လူတစ်ရာစာလောက်ကွက်ပြီး သန့်အောင် ခင်းကျင်းထားတာနဲ့တူတယ်၊ သူ့တွင်ကြည့်ရင်တော့ သန့်တာပေါ့"

"သူက မီးသွေးတိုက်ထဲမှာဆိုတော့ ကြည့်တဲ့လူက မီးသွေးတိုက် ရောသူရော မြင်မှာပဲ၊ ဒီအခါမှာ အဆင်ပြေဆုံးဥစ္စာကို သတိပြုမိ မှာပဲ၊ တို့ကျောင်းသူကလေးတွေဟာ တစ်နေ့ကျ တိုင်းပြည်ရဲ့မိခင် ဖြစ်ကြရမယ်၊ တာဝန် အင်မတန်ကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com

# (၂၀)

"တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် ယောကျ်ားကလေးတွေ ထက်ပိုပြီး တာဝန်ကြီးတယ်၊ ဒါကြောင့်မို့ ပိုပြီးဂရုပြုကြရမယ်။ အားလုံးမှတ်သားကြပါ၊ ကိုယ့်အတန်းကို ကိုယ်သွားကြတော့"

ကျောင်းသားများသည် ဆရာကြီး၏ရှေ့၌ တစ်တန်းပြီးတစ်တန်း တစ်ယောက်ပြီးတစ်ယောက်စီကာ ကိုယ့်အတန်းဆီသို့ ကိုယ်ထွက်သွားကြလေ၏။

ကျွန်တော့်အား ရည်ရွယ်၍ ဆရာကြီး ပြောကြားလိုက်သော စကားများသည် အကုန်ဟုတ်မှန်သည့်အကြောင်းကို ကောင်းစွာ သဘောပေါက်သည့်အလျောက် ရှက်သာရှက်၍ ထိုအရှက်ကို ဖွင့်ဟဝန်ခံရန်ကား မိုးစင်းမျှမကြောက်ပေ။ သို့ဖြစ်၍ အတန်းထဲသို့ ဝင်ရောက် ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ တင်ပါး၌ နာနေသေးခြင်းမှတစ်ပါး အခြားဘာမှထူးခြား ပြောင်းလဲခြင်းမရှိ ရဲဝံ့စွာရှိနေမိသည်။

အတင့်ကား လှမ်း၍ကြည့်လိုက်သောအခါ စောစောက မသိ။ ယခုမှ သိသကဲ့သို့ အလွန်ညှိုးငယ်သောမျက်နှာကလေးဖြင့် ကျွန်တော့်ကို လှမ်း၍ ကြည့်နေသည်။

သူ့ဘက်သို့ မကြာမကြာ မကြည့်ဝံ့ဘဲ မျက်နှာကို သိသိသာသာ လွှဲထားရသည်။

အတင့်သည် အကြောင်းကိုသာကြားကာ အကြောင်းကိုကား သိမည်မဟုတ်ရာ ကျွန်တော့်အပေါ်တွင် မုချပင် အထင်အမြင်သေး နေလိမ့်မည်ဟု တွေးမိကာ မျက်နှာခြင်းမဆိုင်ဝံ့သကဲ့သို့ ဖြစ်နေမိ၏။

ထိုအကြောင်း၏ အကြောင်းကို ဖွင့်တပြောဆိုရန်မှာလည်း လုံးဝ မဖြစ်နိုင်သဖြင့် အထင်သေးလျှင်လည်း သေးစေတော့ဟု အဆုံးထား လိုက်ရတော့သည်။

ဆရာတစ်ယောက်နှင့်တစ်ယောက် ပြောင်းချိန်တွင်လည်းကောင်း နေ့လည်စာ မုန့်စားဆင်းချိန်တွင်လည်းကောင်း အတင့် လှမ်းမေးနိုင် လောက်အောင် နီးကပ်သောနေရာသို့ မသွားမိဖို့ ကြပ်ကြပ်ကြီး ဂရုပြု နေရလေ၏။

သို့ဖြင့် ညနေကျောင်းတက်ပြန်ကာ ညနေကျောင်းဆင်းချိန် သို့ပင် ရောက်ခဲ့လေ၏။

အတင့်သည် မော်တော်ကားလာမည်ကို စောင့်ရင်း ကျောင်း၌ပင် နေရစ်မည့်ဟန်ကို မြင်ရသည်။

ကျောင်းသူကျောင်းသားများမှာ ကျောင်းဆင်းချိန် မိုးရွာတတ်၍ လွန်းသဖြင့် မိုးလွတ်အောင် သုတ်ခြေတင်၍ ပြန်ကြရသည်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်မှာ အတင့်အား လက်ကိုင်ပုဝါကလေးကိုလည်း ပြန်ပေးချင်၊ အတင့်နှင့် မျက်နှာချင်းလည်း မဆိုင်လို ဖြစ်ကာ ချီတုံချတုံ လုပ်နေစဉ်မှပင် ဆရာသိန်းကခေါ်၍ စာအုပ်များကို စီစဉ်ခိုင်းထားသောကြောင့် မပြန်ရဘဲ ဝိုင်းလုပ်ပေးနေရသည်။

ဤကဲ့သို့ လုပ်ပေးနေခြင်းသည်ပင် အတင့်နှင့် တစ်ခဏမျှ လွတ်လွတ်လပ်လပ် တွေ့စေရဖို့ ဖန်တီးပေးခြင်းကဲ့သို့ ဖြစ်နေသည်ကို မိနစ်နှစ်ဆယ်ခန့်အကြာ ဆရာသိန်း ခိုင်းသောအလုပ်ပြီး၍ ကျောင်းမှ ထွက်မည်အပြုတွင် တွေ့မြင်ရလေ၏။

ကျောင်းပေါက်ဝသို့ မိန်းကလေး၏ အခန်းရှေ့မှ ဖြတ်ကျော်သွားမှ ရောက်သဖြင့် ဖြတ်ကျော်သွားစဉ် အတင့်က. . .

"ကိုဝ. . . ပြန်တော့မလား၊ အတင့်ကား လာတော့မှ အတူတူ ပြန်ပါလား"

ဟု လှမ်းပြောသဖြင့် ကြည့်လိုက်သည်။ အတင့်တစ်ယောက်တည်းသာ ကျန်ရှိနေ၏။

"နေပါစေတော့အတင့်၊ ခြေကျင်ပဲ ပြန်မယ်၊ အတင့် လက်ကိုင်ပုဝါလေး မိုးကာအင်္ကျီအိတ်ထဲက တွေ့လို့ ပြန်ပေးမယ်လို့ မနေ့ကတည်းက ယူလာတယ်၊ ရော့. . . ရော့"

အတင့်သည် ဟိုဟိုသည်သည် လှမ်းကြည့်လိုက်လျက် အရေးမကြီးသောတန်ဖြင့်. . .

"ဒါ. . . ထားပါဦး၊ လက်ကိုင်ပုဝါလေးတစ်ထည် အတင့်မှာ အရေးကြီးမလား၊ မနေ့က ဘာဖြစ်သလဲ၊ အတင့်ကြားရတာ သိပ်ပြီး စိတ်မကောင်းဖြစ်သွားမိတာပဲ . . . ကိုလှမောင်နဲ့ ဒီလောက်ခင်မင်နေကြပြီးတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ကိုဇော့ အပြစ်ပဲ၊ လက်လွှန်သွားတယ်၊ ရော . . . ယူလေ လက်ကိုင်ပုဝါကို အတင့်ဥစ္စာ အတင့်ပြန်ယူတော့"

"အတင့်မေးတာပြောစမ်းပါ၊ ဘယ်လိုဖြစ်ကြတာလဲ . . . ဟင်"

လက်ကိုင်ပုဝါကလေး ကမ်းပေးထားလျက် လှမ်းမယူဘဲရှိနေရာ ငွက်ပေးနေဖို့ရန် မဖြစ်နိုင်တော့သည်နှင့် လက်ကိုပြန်ရုတ်လိုက်ရ၏။

"ဖြစ်တာကတော့ သူက ကိုဇော့ကို စ,တယ်၊ ဒါနဲ့ . . ."

"သူ စ,တာကတော့ အခုမှမဟုတ်တာ၊ တစ်သက်လုံး လူတိုင်းကို စ,နေတာပဲ"

"ဟုတ်တယ် . . . ဒါကြောင့် ကိုဇော့အပြစ်ပါလို့ ပြောတာပေါ့၊ သူ့အပြစ်မဟုတ်ပါဘူး။ အခုလိုဖြစ်ရတာ ဝမ်းနည်းပါတယ် အတင့်ရယ်"

အတင့်၏ မျက်နှာပေါ်တွင်ပင် ရယ်တော့မလိုလို၊ ငိုပင်ငိုတော့မလားလား၊ ခွဲခြားသိနားလည်ရန် မလွယ်ကူသောအရိပ်အယောင်များ ယှက်သန်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

ရွှေ့သို့စကားမဆက်နိုင်မီ အတင့်ကားရောက်လာ၏။

အတင့်သည် ကားပေါ်တက်ထိုင်ကာ. . .

"ကိုဝေ တစ်ပါတည်းလိုက်ခဲ့ပါတော့လား၊ အိမ်ရောက်အောင် ပို့ပေးမယ်လေ၊ တော်တော်နာနေသေးတယ်မဟုတ်လား"

ဟု ဆရာကြီး အရိုက်ခံရခြင်းနှင့် ပတ်သက်၍ အတိုချုံ့လျက် နောက်ဆုံးတွင်မှ မေးလေ၏။

"ကိစ္စမရှိပါဘူး၊ သက်သာပါတယ်၊ သွား . . . သွား . . . အတင့်ပဲ သွားတော့၊ ကိုဘဲ ဆက်မောင်းမျိုး၊ ကဲ. . . သွား . . . သွား"

ဟု အတင်းပင် ကိုယ်တိုင်တွန်း၍ နှင်တော့မတတ် လုပ်လိုက်သောကြောင့် ကားသမားလည်း ကားထွက်ရန် စက်နှိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အတင့်. . . သွားတော့နော်"

ဟု ထပ်ပြောရင်း လှမ်းကြည့်လိုက်စဉ်၊ အတင့်မှာ တစ်နေ့လုံး မျက်နှာမကောင်းဖြစ်နေခြင်းထက် ပို၍မျက်နှာမကောင်းဖြစ်နေဟန် တူသည်ဟု မှတ်ထင်ရလောက်အောင် ညှိုးငယ်နေပေသည်။

ကား၏နောက်မှ စဉ်းစားရင်း တဖြည်းဖြည်း လျှောက်လာခဲ့သည်။

လမ်းမတော်သို့ရောက်လျှင် မိုးမှာ မဆင်ဘဲနှင့် နေရောင်ထဲတွင် မိုးပေါက်ကလေးများ တဖွဲဖွဲကျနေလေသည်။

ဆယ့်တစ်မိနစ်ခန့် လျှောက်မိသောအခါ ဘောလုံးကစားရန် ကျောင်းဆီသို့ ပြန်လာနေသော ဘလင်းကို တွေ့ရသည်။

BURMESE CLASSIC

ဘလင်းက. . .

"ဟော့. . . လွမ်းဝေ၊ မင်း ဟိုဟာပြန်ပေးလိုက်ပလား၊ အကျိုး အကြောင်းကော ပြောပြလိုက်လား"

ဟု အရေးတကြီးမေးလေ၏။

"မပြောဘူး၊ ငါ့ကို စ,လို့ ထထိုးတာလောက်ပဲ ပြောလိုက်တယ်"

"နို. . . ဟိုဟာကော ပြန်ပေးလိုက်ပြီလား"

"အေး. . . ပြန်ပေးတယ်၊ ဒါပေမယ့်. . ."

'ဘာလဲကွ'

ဟု ဘလင်းက ပြန်အော်နေသည့်တိုင်အောင် ဘယ်လိုမှ ဆက် မပြောနိုင်သဖြင့် ငြိမ်သက်နေစဉ်. . .

"ဒါပေမယ့် မယူဘူးလားကွ"

ဟု တစ်ကြိမ် ထပ်အော်မှသာ ခေါင်းညိတ်ပြလိုက်မိသည်။

"ဒါဖြင့် မင်းကိုပေးတာပေါ့"

"မဟုတ်ဘူး ငါ့ကိုပေးတာ မဟုတ်ဘူး၊ ငါ့ဆီက ပြန်မယူတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုနဲ့ တစ်ခု မတူဘူး"

"လွမ်းဝေ မင်းဟာ ငါထင်တာထက်ကို ကြောင်တဲ့ သောက်ရူး သက်သက်ပဲ"

ဘလင်းထွက်သွားလျှင် မမျှော်လင့်သောစကား၏ဒဏ်ကို အပြန်ပြန်သုံးသပ်ရင်း ရှေ့သို့ဆက်လက် လမ်းလျှောက်ရန်ပင် အတန်ကြာ မေ့နေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

(၂၂)

# စီရင်ချက်၏ နောက်ဆက်တွဲ

နောက်အနေ့တွင် လှမောင် ကျောင်းမတက်သေးဘဲရှိခြင်းမှတစ်ပါး ထပ်လောင်းထူးခြားခြင်း တစ်စုံတစ်ရာမရှိ ညနေ ကျောင်းဆင်းချိန်၌ အရေးကြီးသောထူးခြားချက်တစ်ရပ် ထွက်ပေါ်လာသည့်အကြောင်းကို ဘလင်းပြော်ပြ၍ သိခဲ့ရ၏။

လစဉ်တော်မတီလူကြီးများ၏ အစည်းအဝေးကျင်းပရာတွင် ကျွန်တော်နှင့် လှမောင်ဖြစ်ကြသည့် ကိစ္စနှင့်ပက်သက်၍ ကျွန်တော်၏ အပေါ်တွင် ဆရာကြီးအရေးယူပုံမှာ ပျော့ညံ့လွန်းလှသည်ဖြစ်သော ကြောင့် ကျောင်းသားမိဘများမှာ နောက်နောင် သူတို့၏သားသမီးများ



www.burmeseclassic.com

www.burmeseclassic.com



အစော်ကားခံရမည့်ဘေးကို တွေးလန့်နေရကြောင်း၊ သို့ဖြစ်၍ အမှုကို ထပ်မံစစ်ဆေးပြီး ပိုမိုကြီးလေးသော အပြစ်တစ်ရပ်ကို ပေးစေလိုကြောင်း နှင့် ကျောင်းကော်မတီလူကြီးဖြစ်သူ မြူနီစီပါယ်အဖွဲ့ ဥက္ကဋ္ဌ ဦးဘဘွားက အဆိုတင်သွင်းသည့်အကြောင်း ထိုအခါ ဆရာကြီးက ကျွန်တော့်အား အပြစ်နှင့် လျော်ညီသည့်ဒဏ်ကို ပေးပြီးသည့်ပြင် ကျောင်းသား အားလုံး ကို လည်း တင်းကျပ်စွာ သတိပေးထားပြီး ဖြစ်သည်။

ထို့ထက်ပိုမိုကာ ထပ်မံအရေးယူရန် လိုတော့မည်မဟုတ်ကြောင်း နှင့် ခုခံပြောဆိုပါသော်လည်း လူကြီးရှစ်ဦးအနက် လေးဦးက မူလ အဆိုကို ထောက်ခံနေကြသည့်အတွက် သန်ဘက်ခါတွင် ထပ်မံစစ် ဆေးရန် ရွှေ့ဆိုင်းလိုက်သည့်အကြောင်း. . .

ဤအကြောင်းများသည် ကျွန်တော့်ကိစ္စနှင့်ပတ်သက်၍ အရေးကြီး သောထူးခြားချက်တစ်ရပ် ထွက်ပေါ်လာခြင်းဖြစ်ပေ၏။

ထိုနေ့ညနေက ဆရာသိန်းက သူ၏အလုပ်ကလေးများကို အနည်း ငယ်ကူညီသိမ်းဆည်းပေးစေလိုကြောင်း ပြောဆို၍ ကျောင်းဆင်းပြီး တစ်နာရီခန့်ကြာသည့်တိုင်အောင် အိမ်သို့မပြန်ရသေး ဘဲရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com

# (၂၇)

ညနေက ဘာလင်းထံမှ ကျွန်တော်၏သတင်းစကားကို ကြားရပြီးသည့်နောက်တွင် အတင့်နှင့်တွေ့ချင်စိတ် ပြင်းပြသဖြင့် အရိပ်အခြည်ကြည့်ရှုရာ ကျောင်းကော်မတီလူကြီးတစ်ဦး အပါအဝင်ဖြစ်သော အတင့်၏ဖခင် စက်သူဌေး ဦးလွန်းဘော်ကိုယ်တိုင်ပင် အစည်းအဝေးအပြီး အတင့်အား စောင့်၍ တစ်ပါတည်း ခေါ်ဆောင်သွားသည်ကို တွေ့လိုက်ရသောကြောင့် အကြံပျက်ခြင်းသို့ ရောက်ခဲ့လေသည်။

မိုးများသည်းထန်စွာရွာချလျက် လေကြီးပြင်းထန်စွာတိုက်သောကြောင့် သစ်ပင်ကြီးများမှာ သစ်ကိုင်းကြီးများ ကျိုးပဲ့လျက်ရှိစဉ် ကျွန်တော့်မှာ လမ်းမတွင်ပင်ရှိသေး၏။

လမ်းမတော်ထောင့်၌ ကျောင်းက စတုတ္ထတန်းကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com



ကလေး မောင်သွင်နှင့် ပထမတန်းမှ သူ၏နှမကလေး မလှဝင်းတို့သည် သစ်ပင်များကျိုးကျ၍ မိုးရေထဲတွင် တဖားဖားပြေးနေကြစဉ် သူတို့၏ရှေ့တည့်တည့်သို့ သစ်ကိုင်းတစ်ကိုင်း ကျိုးကျလာကာ နှစ်ယောက်သား ခွေ့ခနဲ လဲသွားသည်ကို မြင်လိုက်ရသည်။

နောက်ထက် တစုန်းစုန်းဖြင့် ကျိုးကျလျက်ရှိသော သစ်ကိုင်းများကို ပမာနမထားနိုင်ဘဲ တစ်လှည့်စီ အတင်းဝင်ရောက်ပွေ့ယူကာ သစ်ပင်များနှင့်လွတ်ကင်းရာသို့ ပို့ရလေသည်။

ပထမ မလှဝင်းကို ဆွဲထုတ်ခဲ့ရလျက် နောက်မှ မောင်သွင်ကို သွားထုတ်ယူရသည်။

မောင်သွင့်ကိုထမ်းရန်အတွက် သစ်ကိုင်းတစ်ခု၏ သစ်ခက်တစ်ခုနှင့် ကျွန်တော့်ခေါင်း ရိုက်မိသွား၍ မိုက်ခနဲဖြစ်သွား၏။

မောင်သွင့်အား သတိဖြင့်သယ်ယူခဲ့ပြီးလျှင် ကိုက် ၁၀၀ ခန့်ဝေးသောဆေးရုံသို့ တစ်ဦးစီထမ်း၍ ပို့ဆောင်ပေးရ၏။

သူငယ်နှင့် သူငယ်မလေးတို့၏ ခြေထောက်မှာ သေချာစွာ ဆေးရုံတင်၍ပြုစုမှ မြန်မြန်ပျောက်ဖို့ရှိသဖြင့် ဆရာဝန်က သူတို့၏ မိဘများထံ အကြောင်းကြားခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၄)

ကျွန်တော်၏ ဦးခေါင်းမှဒဏ်ရာကိုပါ ဆေးဝါးထည့်ပေးပြီးနောက် ကျွန်တော့်မှာ ကလေးများ၏မိဘများအိမ်သို့ သွားရောက်ပြောကြားရ လေသည်။

မိဘများမှာ သေပြေးရှင်ပြေး ဆေးရုံသို့လိုက်လာကြကာ သူတို့ကို ဆရာဝန်နှင့် တွေ့ပေးပြီးသည်နှင့်တစ်ပြိုင်နက် ဆရာဝန်ထံ၌ ခွင့်ပန်ကာ အိမ်သို့ အမြန်ပြန်ခဲ့သည်။

မိုးမှောင်ကျနေ၍ အိမ်၌ မီးများ လင်းလင်းထိန်ထိန် ထွန်းထားပြီ သည်။

ကျွန်တော် ကျောင်းဆင်းနောက်ကျ၍ နောက်ထပ်ဘယ်လိုများ အမှုရောက်နေပြန်နည်းဟု စိတ်ပူကြောင့်ကြကြီးစွာဖြင့် စောင့်မျှော်



www.burmeseclassic.com

www.burmeseclassic.com



နေကြသော အဖေနှင့်အမေမှာ ကျွန်တော့်ခေါင်းတွင် ပတ်တီးစည်းထားခြင်းကို မြင်လိုက်၍ ပျာပျာသလဲဖြစ်သွားကြ၏။

အကျိုးအကြောင်းပြောပြမှ စိတ်အေးသွားကြသည်။

ထမင်းပွဲသို့ရောက်၍ ထမင်းစားမိမှ အမေက. . .

"မင်းမလာခင် ကိုလွန်းဘော်အိမ်က ကားနဲ့ နှစ်ခေါက်တောင် အခေါ်လွှတ်တယ်၊ ကိစ္စရှိလို့ ရောက်ရောက်ချင်း လွှတ်လိုက်စမ်းပါ မှာသွားတယ်၊ ဘာကိစ္စများလဲ"

ဟု သတိရရချင်း ကောက်ပြောသလို ပြောလိုက်သည်။

ကျွန်တော့်မှာ ထမင်းဆက်စားလိုစိတ် မရှိတော့ဘဲ ချက်ချင်းသော်လည်းမဖြစ်သေး၍ ထမင်းကို မြန်မြန်စား ပြီးအောင်စားရသည်။

ထမင်းပွဲမှ ထသောအခါ. . .

"မြန်မြန်လာနော်၊ ညဥ့်နက်မနေနဲ့ သူတို့ကားနဲ့ပြန်ပို့ခိုင်း"

ဟု အမေပြောနေတာကို သွားချင်ဇောကြောင့် ခေါင်းသာ တဆတ်ဆတ် ညိတ်ပြနိုင်ကာ အမြန်ထွက်လာခဲ့သည်။

ဘာကြောင့်ခေါ်သည်ကိုမသိ၊ ဘယ်သူက ခေါ်သည်ကိုလည်း အတတ်မပြောနိုင်၊ သမီးကလော၊ အဖေကလော မပြောတတ်တိုင်း ခပ်သုတ်သုတ်ပင် လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

ခြံဝ၌ တံခါးမပိတ်သေးဘဲ ဖွင့်ထားသည်။

တံခါးတွင် အရုံသင့်ပင် အတင့်ကိုတွေ့မြင်ရသည်။

ကျွန်တော့်ကို မြင်မြင်ချင်း. . .

"ဟင်. . . ခေါင်းကပတ်တီးကြီးက ဘာဖြစ်လို့လဲ"

စိုးရိမ်တကြီး မေးမြန်းနေ၏။

"ဘာမှမဖြစ်ပါဘူး၊ ကျောင်းကအပြန် လေတွေကျတော့ သစ်ခက်တစ်ခက်ကျိုးပြီး ခေါင်းပေါ် ပွတ်ကျသွားလို့ ဆေးထည့်ထားတာ၊ အတင့် ခေါ် ခိုင်းတယ်ဆို ဘာကိစ္စများထူးသလဲ"

အတင့်မှာ စုတ်ကလေးများပင် သပ်လိုက်ကာ. . .

"ဖြစ်မှဖြစ်ရလေ ကိုဝေရယ်. . . ခုတလော သိပ်ပြီးနေနမ့်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့၊ တစ်နေ့ကလည်း . . .”

အတင့်သည် ရှေ့သို့ဆက်ပြောရန်ပင် အားနာသကဲ့သို့ဖြစ်ကာ အတန်ကြာ ရပ်နေလျက်နောက်မှ . . .

“တစ်နေ့ကလဲ အရိုက်ခံထိပြီးပြီ၊ အခုလဲ ကြံဖန်ပြီး ကိုဝေကိုမှ လာမုန်းရတယ်၊ ဒီသစ်ခက်က . .”

ဟု ကရုဏာလေသံဖြင့် ပြီးပဲမပြီးနိုင်အောင် ပြောနေပေသည်။

“ဒဏ်ရာမကြီးပါဘူး၊ နည်းနည်းပါးပါး . . .”

“တော်ပါ . . တစ်နေ့ကလည်း အရိုက်ခံရတုန်းကလည်း ပေါ့ပေါ့ပဲ၊ ၁၅ ချက်တောင် တအားလွှဲရိုက်တဲ့ဥစ္စာကြီးများ”

“နေပါဦး . . . ၁၅ ချက်လို့ အတင့်ကို ဘယ်သူပြောသလဲ”ဟု တအံ့တသြ မေးမိလေ၏။

“အံ့ပါရဲ့၊ ကိုယ့်ဟာကိုယ်တောင်မသိဘူးလား၊ တစ်ကျောင်းလုံး သိတယ်”

“ဒါကတော့ အတင့်ရာ မသိမှုမသိတာ၊ အရိုက်ခံရတဲ့လူက ဘယ်ရေပြီး ထားနိုင်ပါ့မလဲ၊ ကဲ . . . ပြောစမ်းပါ၊ ဘာကိစ္စခေါ်တာလဲ”

“ဖေဖေခေါ်ခိုင်းတာ၊ အပေါ်မှာ ဘုရားရှိခိုးနေတယ် ကိုဝေ့ ကိစ္စပဲ၊ တော်တော်အရေးကြီးနေတယ်လို့ပြောတာပဲ”

ကျွန်တော်တို့ အိမ်ထဲသို့ဝင်ရန် လျှောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

ကျွန်တော်လည်း အတင့်ဘက်သို့ မကြည့်ဘဲ ခေါင်းငုံ့ထားကာ. . .

"ဘလင်းပြောတဲ့ ကျောင်းကော်မတီကိစ္စနဲ့တူတယ်"

ဟုလျှောက်လာရင်း ပြန်ပြောလိုက်သည်။

"ဖေဖေက ဒီအကြောင်းနဲ့ပတ်သက်ပြီး ကိုဇေကို နည်းနည်းပါးပါး မေးချင်လို့တဲ့၊ သစ်ခက်ကြီးက အတော်ပဲကြီးလာဟင်"

"မကြီးပါဘူး"

"မဟုတ်ခါမှလွဲရော. . . ကိုဝေတစ်ခုခုတော့ ခိုက်နေပြီထင်တယ် ယကြာလေး ဘာလေးလုပ်မှပဲ"

ဤကဲ့သို့ ကြင်ကြင်နာနာပြောဆိုနေစဉ် အတင့်၏ဖခင်ကြီးမှာ အိမ်ပေါ် လှေကားမှဆင်းလာနေ၏။ လှေကားတစ်ဝက်လာက်က. . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်ဝေ ရောက်နေသလား၊ ခေါင်းမှာ ဘာဖြစ်တာလဲ"

ဟု အလျင်လှမ်းမေးလေသည်။

ကျွန်တော့် ခေါင်းကဒဏ်ရာအတွက် . . .

"နိုက်မိလို့ပါ"

ဟု ခပ်တိုတိုချုံး ဖြေလိုက်ပြီး ခေါ်ရင်းကိစ္စကိုမေးရသည်။

ဦးလွန်းဘော်သည် ပက်လက်ကုလားထိုင်ပေါ်၌ ပက်လက်လှန်လှဲလျက် ခြေချင်းချိတ်လိုက်ပြီးနောက် ဖေးဖေးဆေးဆေးပင် ဖြည်းဖြည်း ပြောပြသည်။

"မင်းကိစ္စကို မောင်ပြားကြီးတို့က အကျယ်ချဲ့စေချင်တယ်ကွယ့်၊ တို့လူကြီးတွေမှာ ပြီးတာပြီးစေတော့လို့ ဆရာကြီးနဲ့ သဘောတူတဲ့လူက လေးယောက်၊ မင်းကိုပို့ပြီး ထိထိရောက်ရောက် အရေးယူဖို့ မောင်ပြားကြီးဘက်က လေးယောက်၊ အဲသလိုဖြစ်နေကြတယ်၊ သန်ဘက်ခါ ဆက်ပြီးဆွေးနွေးကြဦးတော့မယ်"

"ဒီတော့ မင့်ဘက်က နေချင်တဲ့လူများက မောင်ပြားကြီးသားရဲ့ အလွန်ကိုတိတိကျကျ သိချင်ကြတယ်ကွယ့်၊ ဒီတော့မှ ပိုမိုင်မာအောင် ပြောနိုင်ကြမှာမို့ မင်းပဲ ဒါကိုပြောနိုင်မှာပဲ၊ လူကြီးတွေက ဦးလေးကို တာဝန်လွှဲလိုက်တယ်၊ ပြောစမ်းကွယ်ဘယ်လိုတစပြီး ဖြစ်ကြတယ်ဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၇)

အတင့်၏ဖခင်နှင့် အတင့်သည် ကျွန်တော်၏အဖြေကို စိတ်အား ထက်သန်စွာ နားစွင့်နေကြ၏။

ကျွန်တော့်မှာ သူတို့ရှေ့တွင် များစွာစိတ်အိုက်သွားကာ စဉ်းစဉ်း စားစား ဖြေပြောနေရ၏။

"ဖြစ်တဲ့အကြောင်းက မဖြစ်လောက်ပါဘူး ဦးလေးရယ်၊ ကျွန်တော့် ကို လာပြီးစလို့ ဒေါသအလျောက် ထပြီးထိုးလိုက်မိတာပါပဲ၊ အမှန်အား ဖြင့်တော့ ကျွန်တော်မထိုးလဲ ပြီးနိုင်တဲ့ ကိစ္စပါပဲ"

"ဒါထားဦးလေ၊ ဟိုဘက်ကလူသိုက်က ဒီစကားမျိုးကို အလုံ အလောက် ပြောဆိုဖို့ နေရာရပြီးသားပါကွယ်၊ တို့ဘက်က လူသိုက် အတွက် ဖြစ်တဲ့အကြောင်း နည်းနည်းပါးပါးလောက် မင်းကို စ,တာဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို စ,တာလဲ၊ မင်းကို ထိခိုက်အောင် ဘယ်လိုပြောတယ် အဲဒီ အချက်ကွယ့်"

"ကျွန်တော့် ထိခိုက်အောင် ဘယ်လိုမှမပြောပါဘူး"

"ဟော. . ."

အတင့်ဖခင်သည် လွှန်စွာလွန်စွာ အံ့အားသင့်သွားလေသည်။

အတင့်ပင်လျှင်လည်း နားမလည်နိုင်သကဲ့သို့ တွေတွေကလေး ကြည့်နေပေသည်။

"ဟုတ်ပါတယ် ဦးလေး။ ကျွန်တော့်ကို ထိခိုက်လောက်အောင်တော့ မပြောပါဘူး"

"နို့. . . ဒီဟာဖြင့် မင်းဉစ္စာက. . ."

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်တော့်အလွန်ပါလို့ ဝန်ခံထား ပါတယ်"

ပက်လက်လန်နေရာက ငေါက်ခနဲ ထလိုက်ကာ ကျွန်တော့်အား ထူးထူးဆန်းဆန်းကဲ့သို့ ခပ်စိမ်းစိမ်းကြည့်နေသဖြင့် အနေခက်ကာ ဦးလွန်း ဘော်မျက်လုံးမှ ခွာလိုက်လျက် ငုံ့စိုက်နေမှပင် နေသာသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၈)

"မဟုတ်သေးပါဘူးကွယ်၊ မင်းဟာ တော်ရုံတန်ရုံဒေါသထွက်တာ မဟုတ်တော့တာမို့ အခုလိုဖြစ်ရတာဟာ အကြောင်းကြီးတစ်ခုရှိမယ် လို့ တို့ ယူဆကြတယ်"

"ဆရာကြီးက မနက်ဖြန်ကျရင် မင်းကိုရော၊ ဆရာနိုင်ယားကိုရော ပြန်စစ်ချင်စစ်လိမ့်ဦးမယ်၊ လူမောင်ကတော့ တစ်ဖက်လူကြီးတွေ အလို အတိုင်း တော်တော်ဖြစ်သလို သည်းထားပြီး ကျောင်းတက်ဦးမှာ မဟုတ်ဘူး။ သန်ဘက်ခါ ဆရာဝန်ကိုလည်း အမှန်ကိုထုတ်ဖော်ပြီး ပြောရလိမ့်မယ်၊ ဒီကိစ္စဟာ မင်းထင်တာထက် အရေးကြီးလာတာက ကျောင်းတော်မတီထဲမှာ ဆရာကြီးအပေါ် မလိုမကြိုက်ဖြစ်နေတဲ့ လူတွေ၊ အချက် ကောင်းယူပြီး စက်လှည့်တဲ့ကိစ္စဖြစ်နေတော့ ဦးလေးက ပြောကွယ်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်၊ ဒီတော့ မင်းအရေးအကြီးဆုံးပဲ၊ မင်းလုပ်တာ ဘယ်လောက် အထိ မခံနိုင်လွန်းလို့ဆိုတာ မြင်နိုင်ရင် ဆရာကြီးက မင့်အပေါ် အခုပေးပြီး အဖြစ်ဒဏ်ဟာ လုံလောက်တဲ့အပြင် ပိုတောင်ပိုနေသေးတယ်ဆိုတာ ထင်ရှားလာမယ်"

"ဒါ ထင်ရှားရင် ဆရာကြီးက တရားတယ်ဆိုတဲ့အကြောင်း မငြင်း နိုင်တော့ဘူးဖြစ်မယ်၊ မင်းလုပ်တာဟာ မတရားဘူးဆိုရင် ဆရာကြီး မင်းကို ပေးထားပြီးသားအဖြစ်ဟာ နည်းသေးတယ်ဆိုပြီး မင့်အပေါ်မှာ အဖြစ်တိုးနိုင်မယ်၊ ဒီတော့ ဆရာကြီးမှာ သိပ်ပြီးခွကျမယ်၊ အဲသလို ခွကျ လို့ ဆရာကြီးက တစ်စုံတစ်ခုဖြစ်ရင် ဒီဆရာမျိုး ဆုံးရှုံးရတော့ ကျောင်း ရော မြို့ပါ ထိခိုက်ကုန်တော့မယ်"

"ဒီလိုမဖြစ်အောင် လုပ်နိုင်တဲ့လူဟာ မင်းပဲရှိတယ်၊ မင်း ဘယ် လောက်မခံနိုင်လွန်းလို့ဆိုတဲ့အပေါ်မှာ တည်တယ်၊ အဲသလောက် အရေး ကြီးနေတယ်ဆိုတာ မင်းမသိမှာစိုးလို့ ဦးလေး ခေါ်ပြောရတာပဲ၊ နားရှင်း ပြီလား၊ ကဲ. . . ရှင်းရင် ဦးလေးတို့ကို မင်း ဘယ်လိုကူညီနိုင်မလဲ"

ကျွန်တော့်မှာ များစွာ အနေရကျပ်ကျနေလေ၏။

ကျွန်တော့် အပေါ်တွင်သာ ကျရောက်စေတော့ဟု ယူထားအပ် သော တာဝန်သည် လုံးဝမဆိုင်သူ ဆရာကြီးအပေါ်တွင် ကျရောက်တော့ မည့်ကဲ့သို့ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၉)

အဘယ်နည်းဖြင့် လက်ကိုင်ပဝါကိစ္စ အတင့်ဂုဏ်သိက္ခာကို ရှောင်ဖယ်ကာ ဘယ်လိုပြောဆို စီစဉ်ရပါမည်နည်းဟု စဉ်းစားရတော့သည်။

သို့သော် များစွာ အစဉ်းစားရကျပ်နေလေ၏။

"ကျွန်တော်တော့ သူ့ကို ထိုးမိတာပဲ"

"အေး. . အဲသလောက်တော့ တစ်မြို့လုံး သိနေပြီ၊ ဘာကြောင့် ထိုးသလဲဆိုတာ အခုသိဖို့လိုလာတယ်၊ ပြောကွာ. . . မင်း ဦးလေးကို ယုံယုံကြည်ကြည်နဲ့ ပြောနိုင်တယ်၊ ပြောစရာရှိတာ ပြောသာပြော"

ဆက်၍ငြင်းနေလျှင် လွန်စွာ ရှိုင်းရာကျတော့မည်ဖြစ်လေသည်။

သို့ဖြစ်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ထိုးတာဟာ အမှန်မှာ စိတ်ဆိုးလွန်းလို့တော့ မဟုတ်ပါဘူး၊ သူ့ကို ဆုံးမချင်လို့ပါပဲ"

"အဲဒါ အချက်ပေါ့ကွာ၊ အဲသလိုပြောမှပေါ့၊ ဘာကိုဆုံးမချင်တာလဲ"

"နေဦး ဦးလေး၊ အခု ကျွန်တော် တစ်စုံတစ်ခုပြောရင် လှမောင်အပေါ်မှာ တစ်ခါအပြစ်ရနေဦးမှာလား"

အတင့်သည် ယခုအချိန်အထိ တစ်ခွန်းမှဝင်မပြောဘဲ နားထောင်နေရာမှ . . .

"ကိုဝေက သူ့အတွက် ဘာဆိုင်လို့ ပူရတာလဲ၊ ကိုယ်ပြောစရာရှိတာကိုပြောပေါ့"

ဟု စိတ်မရှည်နိုင်ဘဲသကဲ့သို့ နှုတ်ခမ်းလေးစူကာ ခပ်ဆတ်ဆတ်ဝင်ပြောလိုက်သည်။

"မဟုတ်ဘူးလေ. . . အတင့်၊ ကိုယ့်မှာ အကျိုးမရှိဘူး၊ သူ့မှာ အကျိုးရှိတယ်ဆိုရင် လုပ်ရဦးမယ်၊ ကိုယ့်မှာလည်း အကျိုးမရှိဘူး၊ သူ့မှာလည်း အကျိုးမရှိဘူးဆိုရင် လုပ်ထိုက်ပါ့မလား"

အတင့်မှာ တွေငိုင်၍သွား၏။

အတင့်၏ ဖခင်သည် အဓိပ္ပါယ်နားလည်သော ဟန်အမူအရာအသွင် ဆင်ယင်လျက် သဘောကျစွာလည်း ပြုံးလျက်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၀)

"မင်းပြောတာ ဦးလေး သဘောကျသကွာ၊ အခုကိစ္စက လှမောင်ကို အပြစ်ရှိရင် အပြစ်ပေးဖို့ဆိုတဲ့ ကိစ္စမဟုတ်ဘူး၊ မင်းရဲ့ အပြစ်ဟာ ကြီးသလား ငယ်သလား၊ ဆရာကြီးပေးတဲ့ဒဏ်ဟာ နည်းသေးသလား လိုလောက်သလား အဲဒါပဲ၊ ကိစ္စက အဲဒါပဲ၊ တဲ့. . ပြောစမ်းပါဦး၊ ဘာကို ဆုံးမချင်လို့လဲ. . ."

"ဒီကောင်က အင်မတန်ကို နောက်တယ်၊ ပြောင်တယ် ဦးလေးရယ်၊ မနောက်ရ မပြောင်ရရင် ဘယ်သူ့ကိုမှမညှာဘူး၊ တစ်ကျောင်းလုံးမှာ ဘယ်သူ့သိက္ခာမှ ကောင်းကောင်းမကျန်ဘူး၊ ပါးစပ်ပက်စက်လှုံးလို့ ရစရာမရှိဘူး၊ အဲဒီအတွက်တွေပါပဲ"

"နို့ကွယ်. . . သူနောက်တာက အခုမှလား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်သက်လုံးပါ၊ အဲဒါကြောင့် ကျွန်တော့်အပြစ်ကို ကျွန်တော် ဝန်ခံနေတာပါ ဦးလေး"

ဦးလွန်းဘော်မှာ အစဉ်းစားရကျပ်နေသကဲ့သို့ မျက်နှာကြက်ကို တွေကြည့်နေသည်။

ထို့နောက် အတန်ကြာတိတ်နေပြီးမှ . . .

"အင်း . . . မင်းအတွက်ထက် ဆရာကြီးတွက်က ခက်တယ်"

ဟု မျက်နှာကြက်သို့ မော့လျက် ညည်းတွားပြောဆိုနေလေ၏။

ရုတ်တရက် အတင့်လှမ်းကြည့်လိုက်သော မျက်လုံးထဲမှာ အရောင် ထွန်းလင်းလျက်ရှိပုံမှာ ထူးခြားစွာထင်ရှား၍ ဘာမှန်းမသိ၊ အနေရခက် နေသည့်အထဲ စဉ်းစားရလည်းခက်သည်။

"သံမီး . . . မောင်ဝေကို ကော်ဖီတိုက်ဦးလေ၊ နက်ဖြန် မင်း ဆရာကြီးလည်း မင်းကိုခေါ်ဦးမှာပဲ၊ နို့ . . . ကိုစိုးမင်းနဲ့ မမင်းသာတို့ကော ဖြစ်တဲ့အကြောင်း သိသလား"

ဦးလွန်းဘော်သည် ဗက်လက်ကုလားထိုင်မှထလျက် မတ်တပ်ရပ်၍ ကျွန်တော့်ကို ခပ်ပြုံးပြုံးကြည့်ပြီးပြောရင်း ခါးကပုဆိုး ပြင်ဝတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၁)

"သိပ်စိတ်မကောင်းဖြစ်နေကြမှာစိုးလို့ တော်ရုံပဲ ပြောပြပါတယ်"

ဟု ကျွန်တော်က ခေါင်းမမော်ဘဲ အသံမှန်မှန်နှင့်ပင် ပြန်ပြောလိုက်ရာ. . .

"အေး. . . မိဘ စိတ်မကောင်းမှာ စိုးတယ်ဆိုတာ ကောင်းတာပေါ့ကွယ်"

ဟု ပြောပြောဆိုဆိုသွားကာ အိမ်ပေါ်သို့ ပြန်တက်သွားလေ၏။ ကျွန်တော်တစ်ယောက်တည်း ဧည့်ခန်းထဲတွင် ကျန်ရစ်ခဲ့သည်။ အစတင့်မှာ ကော်ဖီယူရန် နောက်ဖေးသို့ ဝင်သွားသောကြောင့် ဖြစ်လေသည်။

သို့သော် အတင့်မှာ မကြာလှဘဲ ကော်ဖီပွဲနှင့် ချော်ချင်းလိုပင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။

"ကဲ. . . သောက်လိုက် ကိုဝေ၊ ဖေဖေ မသိပေမယ့် အတင့်က တော့ အဖြစ်အပျက် အကုန်သိပြီ"

"ဘာသိတာလဲ ဘယ်လိုသိတာလဲ၊ ဘယ်သူပြောလို့ ဒီတာလဲ"

"တစ်ခုပြီးတစ်ခုမေးပါ ဆရာကြီးရဲ့ . . . သဘောတရားတွေကို ဆန်းစစ်သလို စစ်နေတာလား"

ဤတွင်မှ ကျွန်တော် ရှေ့လောကြီးမိခြင်းကို "ဘယ်လိုသိသလဲ၊ အဲ သလို သိတာဟာ ဘယ်သူပြောလို့လဲ သိချင်လို့ပါ"

"ဘယ်သူပြောလို့မှ မဟုတ်ဘူး၊ ကိုဝေပါးစပ်က ပြောလို့"

"ဘာမှ မပြောရပါကလား၊ ဘာပြောတာကို ပြောတာလဲ"

"လှမောင်ကို ကိုဝေ ဆုံးမတယ်"

"ဟုတ်သလေ၊ အဲဒါဘာဖြစ်သလဲ"

"လှမောင်က ကိုဝေနဲ့အတင့်ကိုသမုတ်ပြီး ကိုဝေ့ကို နောက်တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

ကျွန်တော့်မှာ နောက်မှီသို့ ပစ်မှီလိုက်ပြီးလျှင် အတင့် ဘယ်ကဲ့သို့ သိနိုင်သည်ကို အံ့ဩမိလျက် စကားတစ်ခွန်းမှပြန်မပြောနိုင်တော့ဘဲ အတင့်ကိုသာ စူးစိုက်ကြည့်နေမိသည်။

"ဟုတ်ပါတယ် အတင့်သိပါတယ်၊ ကိုဝေပဲ ပြောတာပဲ"

"မပြောရပါလား"

ဟု ကျွန်တော်က အံ့ဩစွာ ထပ်ငြင်းနေမိ၏၊

"ပြောပါတယ်"

"ဘယ်တုံးကလဲ"

"အခုပဲ"

"မဟုတ်ဘဲနဲ့ အတင့် ဘယ့်နှယ်လုပ်ပြီး သိမှာလဲ၊ ကိုလှမောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုဝေ့ကို အတင့်နဲ့ သမုတ်ပြီးပြောင်တယ်၊ ဒီတော့ ကိုဝေက အတင့် နာမည်မပျက်စေချင်တော့ သူ့ ပါးစပ်မဖွာရဲအောင် ထိုးတယ်မဟုတ်ဘူးလား"

"ဒါ အတင့် ဘယ်လိုသိလဲ"

"သဘောတရားပေါ့ ကိုဝေ သဘောတရားပေါ့၊ အတင့်ပြောတာကို မငြင်းနိုင်တာဟာ အမှန်ကို ထုတ်ဖော်ဝန်ခံတာနဲ့ အတူတူပဲ၊ အတင့် လူတိုင်းလိုလိုမေးကြည့်တယ်၊ ဘယ်သူမှမသိကြဘူး၊ ဒါပေမဲ့ ကိုဝေ ပြောနေတဲ့သဘောတရားနဲ့ စဉ်းစားကြည့်တယ်"

အတင့်သည် စကားဖြတ်လျက် ချစ်စရာကောင်းလှသောမျက်လုံး တလေးများကို လှန်ကာ တစ်အောင့်စွေပြီး ကြည့်လိုက်သေးသည်။

မျက်နှာတွင်မူက မျက်လုံးတလေးပါ ချိုပြုံးနေပေ၏။

"ဒီတော့ ဒီအဖြေပဲ ဖြစ်ရမယ်လို့ ထင်မိတယ်၊ နို့ပေမယ့် မသေချာသေးဘူး၊ ကိုဝေ့ကို အခုန ကုလားထိုင်နောက်မှီပေါ် လှန်ချလိုက်မှ သေချာတော့တာပဲ၊ အရေးမကြီးရင်တော့ ဖေဖေကိုပြောမပြပါဘူး၊ အရေးကြီးရင်တော့ ပြောရမှာပေါ့၊ ကိုဝေ့ကို အတင့် ကျေးဇူးတင်သလို ဖေဖေလည်း တင်မှာပဲ၊ အတင့် တစ်ခုတော့ဝမ်းသာတယ်၊ ကိုလှမောင်ဟာ နောက်နောင်ဆိုရင် ပြောရဲတော့မယ်မဟုတ်ဘူး၊ ကိုဝေ စဉ်းစားကြည့်စမ်း၊ ကျောင်းမှာရှိတဲ့မိန်းကလေးတွေဟာ သူ့ပါးစပ်ကြောင့် တစ်ယောက်မှ ဂုဏ်မရှိတော့ဘူး၊ ဟုတ်ဟုတ်-မဟုတ်ဟုတ် သိပ်နှစ်နေတယ်၊ စောစောက ကိုဝေ့ကို သိပ်ပြီးအထင်မှားလိုက်သေးတယ်၊ အခုလို အကြမ်းဖက်ရမှာလားလို့၊ အခုတော့လဲ တစ်နည်းအားဖြင့် ခပ်ကောင်းကောင်း ဖဲလို့၊ အောက်မေ့ပါတယ်၊ ကဲ.. ကော်ဖီသောက်တော့ အေးတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com

## (၃၃)

ကော်ဖီကို တစ်ကျိုက်ချင်း သောက်ချပြီးနောက် အကျိုးအကြောင်း ကို မထူးတော့၍ ဖွင့်ပြောရကာ၊ အတင့် စိတ်အေးအောင် လှမောင်ကို ပိတ်ထားကြောင်း ပြောဆိုပြီး ပြန်ဖို့ရန်ပြင်ဆင်ရလေ၏။

အတင့်မှာ နေစေချင်သောလက္ခဏာရှိသော်လည်း မိဘများစိတ် ပူနေမည့်အကြောင်းပြကာ ပြန်မည်ပြုရာ ကားနှင့်အတင်းပို့သဖြင့် ကား ကို ယူခဲ့ရ၏။

ကားပေါ်သို့ တက်ထိုင်လိုက်ပြီး လူချင်းခွဲခါနီးတွင် အတင့်က အိတ်ထဲမှ လက်ကိုင်ပဝါတစ်ထည်ကို ကပျာကယာထုတ်ယူလျှက် လှမ်း ပြီးလျှင် . . .

"မေ့တော့မလို့၊ ခေါင်းကဒဏ်ရာနဲ့ဆိုရင် မကောင်းအောင် ဒီဟာ



www.burmeseclassic.com

www.burmeseclassic.com



ယူသွားပါ၊ ဒိုဒီကလုံးဆွတ်ထားတယ်၊ ယူပါ. . .”

ဟု အတင်းပေးလိုက်၏။

အတင့်၏ ဂရုစိုက်ပုံကို ထိုစဉ်ကလည်းမမေ့။

ထိုနောက်လည်း-မမေ့နိုင်။ ယခုလည်းမမေ့သာ နောက်နောင်ကို လည်း မေ့နိုင်မည်မဟုတ် ဖြစ်ပေ၏။

နောက်တစ်နေ့ ကျောင်းတက်ချိန်၌ ကျောင်းခန်းမကြီးထဲတွင် ကျောင်းသူကျောင်းသားအားလုံး စုံညီစုဝေးရာ၌ မနေ့ညနေက-လေကြီး မိုးကြီးကျ၍ သစ်ပင်များ လဲပြိုကျသည့်အကြောင်း၊ ကျောင်းသားများ သည် လေမိုးကျစဉ် ဟိုငေးသည်ငေး နှောင့်နှေးမနေဘဲ လိုရာသို့ ရောက် အောင် လျင်မြန်စွာ သွားသင့်ကြကြောင်း၊ မနေ့ညနေက စတုတ္ထတန်းမှ မောင်သွင်နှင့် မလှဝင်းတို့မှာ သစ်ကိုင်းပိ၍ လဲနေရာ၊ ကျောင်းသား ကြီးတစ်ယောက် ဝင်ရောက်ပွေ့ယူပြီး ဆေးရုံပို့ပေးခဲ့ကြောင်း၊ ကျောင်း သားအမည်မှာ ၁၀ တန်းက မောင်လွမ်းဝေဖြစ်၍၊ သူ၏တစ်နေ့က ဝမ်းနည်းဖွယ်ရာကောင်းသောအလုပ်ကို မှတ်တမ်းတင်ထားသကဲ့သို့ သူ ၏ မနေ့က ချီးကျူးဖွယ်ရာကောင်းသောအလုပ်ကိုလည်း မှတ်တမ်း တင်ထားမည်ဖြစ်ကြောင်းများ ပြောဆိုနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၃၄)

ကျွန်တော့်မှာ ဆရာကြီး ဤသို့ ချီးကျူးပြောဆိုခြင်းကို ခံယူရမှ လိမ့်မည်ဟု မထင်မိသည့်အတွက် ယခု ဗိုလ်ပုံအလယ်တွင် ချီးကျူးခံရသောအခါ မျှားစွာအနေကျုံ့သွားတော့သည်။

အတန်းထဲသို့ရောက်သောအခါ အားလုံးက ပိုင်း၍ ကျွန်တော်၏ ဒဏ်ရာကို မေးနေကြပြန်သည်။

အတင့်၌ ဝမ်းသာသောအမူအရာတွင် မကျေနပ်သည့် အရိပ်အယောင်ကလေး ရောနှောနေကြောင်း ထင်ရှားပေသည်။

ညက သူ့ကို အကြောင်းအစုံအလင် အသိမပေးခြင်းအတွက် ဖြစ်တန်ရာသည်ဟု အောက်မေ့ရ၏။

စင်စစ် အသိမပေးချင်၍မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အသိပေးလောက်အောင်လည်း အရေးကြီးသောစကားမဟုတ်သောကြောင့် မပြောခဲ့မိခြင်းဖြစ်သည်။

စာသင်နေစဉ် ဆရာကြီးအခေါ် လွှတ်၍ လိုက်သွားရသည်။

အတင့်ဘက်သို့မကြည့်သာသော်လည်း အတင့်သည် ကျွန်တော့်အား မှုချကြည့်လိုက်မည်ကိုကား မျက်စိနှင့်ဒီ့မြင်ရသလောက်ပင် သိရှိလေ၏။

ဆရာကြီးရုံးခန်းထဲတွင် ဆရာနိုင်ယားကို ဆရာကြီးက-

"ကောင်းပါပြီဆရာ၊ ကျေးဇူးတင်ပါတယ်"

ဟုပြောနေသည်ကိုကြားရလျက် ဆရာနိုင်ယား ထွက်သွားလေသည်။

ဆရာကြီးလည်း ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်ပြီးလျှင်. . .

"လွမ်းဝေ မင်းကို ချီးကျူးစရာတစ်ခုပဲ ဒီနေ့ရှိတယ်လို့ထင်တယ်၊ တစ်ခုထက်မကဘူးတွေ့ရတယ်၊ ဆရာနိုင်ယားဆီက အခုပဲ ဒီ စာကလေး အယောက်အထားရတယ်၊ ဒီဟာ လှမောင်လက်ရေးပဲ၊ ဒီစာနဲ့ မင်းကို နောက်တာလား"

"ဟုတ်ပါတယ်"

ဟုဖြေလိုက်ရကာရင်ထဲ၌ တလှပ်လှပ်ဖြစ်လာလျက် အားလုံးသိကုန်ကြတော့မှာပဲဟု အလွန်စိုးရိမ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

(၃၅)

"ဒီအထဲမှာ လက်ကိုင်ပုဝါတစ်ထည်ဆိုတာ ဘယ်သူ့လက်ကိုင်ပုဝါဆိုတာလဲ"

ကျွန်တော်၏ ချက်ချင်းအဖြေမပေးနိုင်ခြင်းကို ဆရာကြီးက စောင့်စားစိုက်ကြည့်နေလေသည်။

ကျွန်တော့်မှာ အာစေးထည့်ထားလို့ ပါးစပ်ကိုမဟနိုင်အောင်ရှိနေစဉ် ဆရာကြီးက. . .

"မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ငြိစွန်းနေသလား" ဟု ခပ်မှန်မှန်အသံဖြင့် ထပ်မေးလေသည်။

"ဟုတ်ပါတယ်"

"မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို မငြိစွန်းအောင် ကိုယ့်မှာ ဘာဖြစ်ဖြစ်စောင့်ရှောက်နိုင်တဲ့ မင်းလို ကျောင်းသားမျိုး၊ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



မျိုး အင်မတန်ကိုရှားတယ်၊ ဒီကိစ္စမျိုးကျရင် တစ်ဖက်သားရဲ့ဂုဏ်ကို နည်းနည်းမှ မညှာတတ်ကြဘူး"

"ခုလိုညှာတာစောင့်စည်း ရှိသေရမှန်း သိတတ်တဲ့ဥာဏ်နဲ့ အကျင့်တာ ဘယ်အတန်းပညာကမှ မသင်ပေးနိုင်ဘူး၊ စိတ်ဓာတ်အလျောက်သာ ဖြစ်နိုင်တယ်၊ မင်းရဲ့အကျင့်ကို လေးစားတယ်လို့ ဆရာ အသိအမှတ်ပြုရမယ်၊ ပေးစမ်း မင်းလက်"

ဆရာကြီးသည် ကျွန်တော်၏လက်ကို ဆွဲယူ၍ ဖြစ်ညှစ်ကာ အားရပါးရ လှုပ်ကိုင်လေ၏။

"ဘယ် မိန်းကလေးရဲ့လက်ကိုင်ပုဝါဖြစ်မယ်ဆိုတာ ဘယ်သူ့ဆီမှ နောက်ထပ် မစုံစမ်းတော့ဘူး၊ စိတ်ချပြီး စိတ်အေးအေးထား သွားတော့"

ကျွန်တော့်မှာ ဝမ်းသာစိတ်အေးသွားရကာ အတန်းထဲသို့ သွက်သွက်လက်လက်ကြီးပြေးဝင်လာခဲ့၏။

အတန်းသားအားလုံးပင်ကျွန်တော့်ကို အကဲခတ်ကာ အမူအရာကို ကြည့်လျက် သတင်းကောင်းဖြစ်ကြောင်းကို သိကြရဟန်တူလေ၏။

အတင့်ပင်လျှင် စောစောကကဲ့သို့မကျေနပ်သည့် အရိပ်အယောင်တလေးများမပါဘဲ ကြည်လင်သောမျက်လုံးကလေးဖြင့် လှမ်း၍ကြည့်နေလေ၏။

ညနေကျောင်းဆင်းချိန်၌ တားစောင့်နေသောအတင့်ကို မမြင်ယောင်ပြု၍ ကျောင်းဝင်းထဲမှ ခပ်သုတ်သုတ်ထွက်ခဲ့၏။

အိမ်သို့မပြန်ဘဲ ဆေးရုံဘက်သို့ လမ်းမသို့ချိုးလိုက်ရာ အဖော်ကျောင်းသားများက သူတို့လည်း လိုက်မည်ပြောပြီး လိုက်လာကြသောကြောင့် မောင်သွင်နှင့် မလှဝင်းတို့၏ ကုတင်မှာ ပရိသတ် စည်ကားနေပေ၏။

www.burmeseclassic.com

## (၃၆)

ကျွန်တော်၏ဦးခေါင်းဒဏ်ရာကို ဆရာဝန်က ဆေးထည့်ပေးပြီး နောက်မိုးချုပ်မှ ကလေးနှစ်ယောက်ကို အားပေးနှုတ်ဆက်ကာ ပြန်လာခဲ့ကြသည်။

နောက်တစ်နေ့၊ ဤနေ့သည် ကျောင်းကော်မတီ အစည်းအဝေး ကျင်းပသည့်နေ့ ဖြစ်သည်။

ဆရာကြီးမှာ လွန်စွာအလုပ်များလျက်ရှိပေ၏။

လူကြီးများ စီးလာသောကားတစ်စီးသည် ၃ နာရီထိုးပြန်ထွက်သွားကာ အပြန်တွင် လှမောင်ပါလာသည်ဟု မြင်ရသူများက ကျွန်တော့်ကို တိုးတိုးလာပြောကြသည်။

အစည်းအဝေးကို နေ့ခင်း ၁ နာရီမှစရာ ညနေ ၅ နာရီ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသည့်တိုင်အောင် မပြီးသေးဘဲရှိသောကြောင့် အတင့်မှာ သူ့ဖခင်ကို စောင့်ရင်း တစ်ယောက်တည်းဖြစ်နေလေ၏။

ယမန်နေ့က သူ့ကို ကျောင်းအပြန်နှုတ်မဆက်ခဲ့သဖြင့် ယနေ့ နှုတ်ဆက်ဦးမှတော်မည်ဟု သူ့အနားသို့ လျှောက်သွားသည်။

"ကိုဝေ . . . အစည်းအဝေးတော့ တော်တော်အရေးကြီးနေပြီထင်တယ်၊ လှမောင်ကို တစ်ခေါက်လွှတ်ပြီး ခေါ်ခိုင်းလို့လိုက်လာတယ်၊ အတင့်နာမည်များ ထုတ်ပြောနေဦးမလားမသိဘူး၊ ဒီလိုလူမျိုးဟာ တောင်းပန်ထားတယ်ဆိုပေမယ့် စိတ်ချရတာမဟုတ်ဘူး အတင့်တော့ အသည်းတဖိုဖိုပဲ ညကျဆက်ဆက် လာခဲ့နော် စောင့်နေမယ်"

အတင့်စိုးရိမ်သလို ကျွန်တော်စိုးရိမ်ကား များစွာမအေးနိုင်ဘဲ ရှိလေ၏။

ညကိုလာခဲ့မည့်အကြောင်း ဝန်ခံခဲ့ပြီးလျှင် ထွက်လာခဲ့ကာ ဆေးရုံသို့ဝင်၍ ဆေးထည့်သည်။

ကလေးနှစ်ယောက်ထံသွားရောက်ကြည့်ရှုကာ အတင့်တို့အိမ်သို့သွားရောက် ဦးမည်အလျှောက် စောစောပင် ဆေးရုံမှထွက်လာခဲ့သည်။

ည ၇ နာရီခန့်တွင် အတင့်တို့အိမ်သို့ရောက်သွားလေ၏။

အတင့်မှာ စာကြည့်စားပွဲတွင် ထိုင်လျက် စာကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၃၇)

ဦးလွန်းဘော်မှာ ပတ်လက်ကုလားထိုင်ပေါ်၌ မှီလှဲ၍ သတင်းစာဖတ်နေသည်။

ကျွန်တော်ဝင်သွားသောအခါ နှစ်ယောက်စလုံး ပျာပျာသလဲဖြစ်ကာ. . .

"လာဟေ့. . . မင်း မျှော်နေကြတယ်"

ဟု ပြောလျက် ခြေခွဲခန်းကုလားထိုင်များပေါ်တွင် ထိုင်ကြလေသည်။

"နေ့ခင်းကတော့ အတော့်ကို အတိုက်အခံပြောနေကြတာ၊ ဆရာကြီးက မင်းဘက်က ဟိုနေ့ကထက် ပိုပြီးတင်းတင်းမာမာကြီး ထောက်ခံတယ်၊ မင်းဟာ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်ရေးကို ကာကွယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောနဲ့ လှမောင်ကို ထိုးကြိတ်မိတဲ့အကြောင်း ပြောပြတော့ မောင်ပြား ကြီးတို့လူစုက မခံမရပ်နိုင်အောင် ဖြစ်ကြပြီး သူ့သားကို ခေါ်စစ်ပါလို့ အခေါ်ခိုင်းတယ်ဗွ၊ ဒီတော့ ဆရာကြီးက မောင်ဝေတို့လို ကျောင်းသား လေးတစ်ယောက်က မိန်းကလေး တစ်ယောက်ရဲ့ နာမည်ကို ကာကွယ်ဖို့ သိပ်ပြီး အနာခံသွားနိုင်သေးပါလျက်ကနဲ့ လူကြီးတွေက မိန်းကလေး နာမည်ကို မပေါ်ပေါ်အောင်ဆွဲထုတ်ပြီး အရှက်ခွဲကြမလို့လားလို့ တော် တော်ပဲ ဒေါနဲ့မောနဲ့ မေးပါရောကွယ်"

ကျွန်တော့်မှာ"ခရားမှရေသွန်ချသလို အဆက်မပြတ် အဖြစ် အပျက် သတင်းကို ပြန်ပြောပြနေသော ဦးလွန်းဘော်၏ စကားရပ်များ တို စိုက်နားထောင်ရင်း အတင့်ကို တစ်ခါတစ်ခါ လှမ်းကြည့်လိုက်သည်။

အတင့်သည် လေးလေးနက်နက် တွေးနေသောအမူအရာဖြင့် ကျွန်တော် ကြည့်မှန်းမသိ စိုက်တွေးနေပေသည်။

"မောင်ပြားကြီးတို့ လူစုကလည်း အမှန်သိရမှ တရားသဖြင့် ဖြစ် အောင် စီစစ်ဝေဖန်နိုင်မယ်လို့ ပြောကြတာပေါ့လေ၊ ဆရာကြီးကလည်း လှမောင်ဆီက မိန်းကလေးနာမည်ကို စစ်ထုတ်ဖို့ဟာ တွင်တွင်ကြီး ငြင်း တာပဲ၊ နောက်ဆုံးကျတော့မှ ဦးလေးက ဒီလိုနဲ့ဖြင့် ပြီးနိုင်မယ် မဟုတ်ဘူး၊ ဒီလိုလုပ်ကြစို့လို့ လှမောင်ဟာ မိန်းကလေးတစ်ယောက် ရဲ့ဂုဏ်သိက္ခာကို ချက်လိုဖျက်ဆီး လှောင်သလား"

"ဒီလိုလှောင်ပြောင်ရင် လှမောင်ကို မောင်ဝေ ထထိုးတာဟာ နိုင်လိုမင်းထက် လုပ်တယ်လို့ ယူဆနိုင်မလား၊ ဆုံးမတယ်လို့ယူဆရင် မောင်ဝေဟာ လှမောင် သူ့သဘောနဲ့သူ ဆုံးမနိုင်ခွင့်ရှိသလား၊ မရှိဘူး လား၊ ရှိရင် သူ ဆုံးမတာဟာ လွန်သလား၊ လိုသလား"

www.burmeseclassic.com

www.burmeseclassic.com

## (၃၈)

ကျွန်တော်တွင်မကာ စောစောက စိုက်ငေးနေသော အတင့်ပါ ဦးလွန်းဘော်၏ အချက်အလက်များကို သေသေချာချာဂရုစိုက် နား ထောင်နေမိကြ၏။

"ဒီအပြေပေါ်မှာ အမှိုပြုပြီး မောင်ဝေက လှမောင်ကို ထိုးကြိတ်တဲ့အတွက် မောင်ဝေကို ဆရာကြီးက ကြိမ်ဒဏ် ၁၅ ချက် ပေးပြီးတဲ့ အပြစ်ဟာ လုံလောက်သလား နည်းသလား၊ နည်းနေရင် ဘယ်လို အပြစ် ထပ်မံပေးရမလဲ"

"အဲဒါပဲ စဉ်းစားကြပါ၊ ဒီတော့ ဘယ်မိန်းကလေးနာမည်ကိုမှ ထုတ်ပြောစရာမလိုဘူးလို့ ဦးလေးကပြောတော့မှ မောင်မင်းကြီးသားတွေ ကျေနပ်သွားပြီး မိန်းကလေးနာမည်ကို မထုတ်ဘဲ အဲဒီအကြောင်း စစ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ သူ့စာနဲ့သူ လှမောင်ဟာ မိန်းကလေးတစ်ယောက်ရဲ့နာမည်ကို ဖျက်လိုဖျက်ဆီးနေခက်ပြောင်တယ်ဆိုတာ ထင်ရှားနေတယ်၊ လှမောင်လာတော့ လှမောင်ကလည်း ဒီစာ သူရေးတာပါလို့ ဝန်ခံတယ်၊ ဒီထဲက မိန်းကလေးကိုတော့ အများသဘောတူ ဘယ်သူ ဘယ်ဝါရယ်လို့ မစစ်ဘူး"

ကျွန်တော့်မှာ စိတ်သက်သာရာ ရသွားသည့်အလျောက် ကိုယ်၏ ပေါ့ပါးသွားသောအဖြစ်ကို ထိထိရောက်ရောက် ထိတွေ့ခံစားလိုက်ရပေ၏။

"နိုင်လိုမင်းထက် လုပ်တာမဟုတ်ဘူး၊ ဆုံးမတာလို့ ယူဆနိုင်တယ်လို့ အများသဘောတူကြတယ်၊ ဒီလိုဆိုရင် မောင်ဝေ့မှာ ဆုံးမနိုင်တဲ့အခွင့်ရှိသလား"

"စဉ်းစားကြတော့ ရိုက်ပုတ်ပြီး ဆုံးမလောက်ခံအောင် အခွင့်မရှိတဲ့အကြောင်း ဆရာကြီးက အစပဲဝန်ခံတယ်၊ ဆုံးမတာဟာ လွန်တယ်ဆိုတာ သဘောညီညွတ်ကြတော့ ဘယ်လိုအပြစ်ဒဏ်နဲ့မှ ထိုက်တန်လောက်အောင် လွန်နေသလဲဆိုတာ စဉ်းစားကြပြန်တယ်"

"အဲဒီမှာ သဘောကွဲလွဲကြတာပဲ၊ ဆရာဝန်ကတော့ ကြိမ်ဒဏ် ၁၅ ချက်ဟာ နုနယ်တဲ့ ကျောင်းသားတစ်ယောက်အတွက် အပြင်းထန်ဆုံးဒဏ်မို့ လုံလောက် ပြီလို့ပြောတယ်၊ အဲဒါကို ကိုဘထွားက တန့်ကွက်ပြီး ကျောင်းကထုတ်ပစ်ဖို့အထိ အဆိုသွင်းတယ်"

"သူ့အကြောင်းပြချက်က အခုလိုပဲ ကိုယ်မှာ ဆုံးမနိုင်ခွင့်မရှိဘဲ နောက်နောင် ထင်ရာဆုံးမနေရင် ကလေးတွေအားလုံး သေကုန်ကြလိမ့်မယ်တဲ့၊ ကျောင်းထုတ်သင့်၊ မထုတ်သင့် အဆိုပြိုင်ဖြစ်နေတော့ မဲခွဲတယ်၊ ဆရာကြီးက သူ့ကိစ္စမို့လို့ဆိုပြီး မဲမပေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဲရေလိုက်တော့ ကြိမ်ဒဏ်နဲ့ပဲတော်ပြီဆိုတဲ့ဘက်က (၅) ဦး၊ ကျောင်းထုတ်ပစ်မှဆိုတဲ့ဘက်က (၂)ဦးပဲရှိတယ်၊ သူတို့ရှုံးသွားတော့ ဘာပြောတယ် မှတ်သလဲ၊ သူသားနဲ့တူတွေကို မင်းရှိသမျှ ဒီကျောင်းမှာ ဆက်မထားဝံ့ဘူးပြောတယ်"

"သူလိုပဲ မြို့ကလည်း ဒီမှာဒီလို့ဖြစ်တာ သိလို့ရှိရင် တခြားကျောင်းပို့ပစ်မှာပဲလို့ ပြောသေးတယ်၊ အဲဒါပဲ. . အခြေအနေက ဦးလေးအထင်က ဒီကိစ္စ မအေးဘူးထင်တယ်"

ရွှေသို့မဆက်တော့ဘဲ တစ်စုံတစ်ခုကိုတွေဝေစဉ်းစားရင်း ရပ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

(၃၉)

အတင့်. . .

"ဖေဖေ. . . သမီးတို့အချင်းချင်းမို့ ပြောရဦးမယ်"

ဟုပြောလိုက်ရာ ကျွန်တော်၏ဦးခေါင်းမှာ အဘယ့်ကြောင့်မသိ အတော်ကြီးသွားမိ၏။

"ဘာလဲ သမီး"

"ဖေဖေသိလား၊ တိုဝေဟာ ဘယ်သူ့ကျွန်ကြောကို ဆည်ပေးလိုက်တယ်ဆိုတာ"

ဤတွင် ကျွန်တော်က မနေနိုင်တော့ကာ. . .

"အို. . . ကျောင်းကော်မတီထဲမှာ မသိသူ မသိ၊ သိသူသိဆိုရင် ကောင်းပါ့မလား၊ နို့ပြီး . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်၍ပြောမိရာ အတင့်က မျက်စောင်းကလေးထိုးလျက် . .

"တော်စမ်းပါကိုဝေ၊ ကိုဝေ ဝင်မပိတ်ပါနဲ့ဦး၊ တခြားလူသိသိ မသိသိ ဖေဖေတို့တော့သိဖို့လိုတယ်၊ ကိုဝေ ဂုဏ်ဆည်တာဟာ တခြားလူ မဟုတ်ဘူး . . . သမီးပဲဖေဖေရဲ့"

အတင့်သည် ဆက်၍မပြောဘဲ ဖခင်၏မျက်နှာကို ကြည့်နေမိလေ၏။

ဦးလွန်းတော်၏မျက်နှာသည် ရုတ်တရက် အံ့အားကြီးသင့်နေဘိသကဲ့သို့ ဖြစ်နေကာ. . .

"ဘာ . . . သမီး"

ဟု လေးလံစွာမေးလိုက်၏။

"သမီးရဲ့ ဂုဏ်ပဲ"

ဦးလွန်းဘော်မှာ နားမလည်သေးတုန်းပင်ရှိကာ . . .

"ဟုတ်လား . . . မောင်ဝေ၊ ဟုတ်လား"

ဟု ကျွန်တော့်ဘက်သို့ လှည့်၍ သွက်သွက်ကြီးမေးမြန်းလိုက်၏။

ကျွန်တော့်မှာ အတင့်ကိုသာ စိတ်ထဲတွင်အောင်းသွားကာ ခေါင်းညိတ်လိုက်ရပေ၏။

ဦးလွန်းဘော်သည် ကြိုးပြတ်ကျသောအရုပ်ကဲ့သို့ ပျော့ခွေသွားလေ၏။

တစ်ယောက်တည်း ပြောနေဟန်ကဲ့သို့ . .

"ဟဲသီလို့ဟေ့ . . ဟဲသီလို့။ ဆရာကြီးကိုသာ မထောက်ခံမိရင် ဗိုလ်ပုံအလယ်မှာ ကိုယ့်အရှက်ကို ခွဲရမလိုကျနေပါကလား၊ အဲဒါဖေဖေ့ တာပဲ တော်သေးတော့"

ဟု စည်သူမျှမကြည့်ဘဲ ပြောနေတော့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၄၀)

ကျွန်တော်လည်း အတင့်ကိုလှမ်းကြည့်ကာ မျက်စိဖြင့် အပြစ်တင်နေရလေသည်။

အတင့်မှာမဖြူသည့်အမူအရာဖြင့် ပြောလိုရာကို ဆက်၍[illegible] ပြောလိုက်သေးသည်။

"ဒီလိုလဲမဟုတ်ပါဘူး၊ ဖေဖေ အရှက်ကွဲစရာ ဘာမှမရှိပါဘူး၊ တွဲခြင်းကွဲရင် ကိုလှမောင်နဲ့ သူ့အဖေသာ ကွဲကြမှာပါ"

ဦးလွန်းတော်သည် သမီးစကားကို တစ်ခွန်းထက်တစ်ခွန်း တိုး၍ နားမလည်ဘဲ ရှိလာလျက်. . .

"ဘယ်လိုကွယ့်၊ ပြောစမ်းပါဦး"

ဟု စဉ်းစားအားထုတ်ရန် အားနည်းနေသောအသံဖြင့် မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးနဲ့ခြည်တို့ ဖော်လိုက်ပြီးတဲ့ ဒီတွင်ရပ်နေမှာလား၊ ဆက်စစ်ဦးမှပေါ့"

"အဲသလိုစစ်တော့ ဘာပေါ်လာမလဲဆိုရင် ကိုဝေ့လက်ထဲမှာ သမီးလက်ကိုင်ပုဝါတစ်ထည် ကိုလှမောင်ကတွေ့ပြီး နောက်တာ၊ ပြောင်တာကို။ ဒီတော့ ဘယ်လိုလုပ်ပြီး ကိုဝေလက်ထဲ ဒီလက်ကိုင်ပုဝါ ရောက်သလဲဆိုတာ စစ်ဖို့ပေါ် လာမယ်၊ ကိုလှမောင် လိုချင်တာက ဖေဖေ့သမီးကိုယ်တိုင်ဟာပေးတယ်လို့"

"တကယ် စစ်သာစစ်ရရင် ပေါ်လာမယ့်အချက်က သမီးက ကိုဝေ့ကို ပေးတာမဟုတ်ဘူး၊ ညနေကျောင်းဆင်းမိုးရွာတော့ လမ်းမှာ မိုးမိလို့ ကိုဝေက သူ့မိုးကာချွတ်ပြီး သမီးကိုဝတ်ခိုင်းတယ်၊ ထိန်ပင်ကြီးအောက်မှာ မိုးဝင်ခိုနေကြတုန်း ကိုလှမောင် နောက်ကပါလာပြီး အတူဝင်ခိုတယ်၊ မျက်နှာကို မိုးတွေသိပ်ပက်တာနဲ့ သမီးက လက်ကိုင်ပုဝါထုတ်ပြီး မျက်နှာသုတ်ပြီး ပြန်သွင်းလိုက်တော့ မိုးကာအိတ်ထဲမှာ ထည့်လိုက်မိတယ်၊ အဲဒါကိုဝေက အိမ်ကျတွေ့တော့ သမီးကို ပြန်ပေးမယ်ယူလာတာ သမီးက ကျောင်းမတက်တော့ အခန်းအပြင်ဘက်မှာ မိုးကာထားရတော့ သူများနှိုက်ယူသွားမှာစိုးတာနဲ့ သွားယူပြီး သူ့အိတ်ထဲအထည့်မှာ ကိုလှမောင်ကမြင်ပြီး သမုတ်တာပဲ၊ ဒါတွေ ဆက်ပြီးစစ်ရင် မှချပေါ်လာမှာပေါ့ ဖေဖေရဲ့၊ ဒီတော့ သမီးတို့ဘာရှက်စရာရှိလဲ၊ သူတို့သာ . . ."

ဤတွင် အစင့်၏ သဘောတရားကို သိရကာ ယခုဆိုလျှင် ဟိုလိုထက် ပို၍ကောင်းနိုင်ပါသေးကလားဟု တွေးမိလာလေသည်။

"ဒီလိုဆိုတော့လဲ ဟုတ်သားပဲ၊ နို့ပေမဲ့ အခုလိုဟာလည်း ဆိုးပါဘူး၊ မောင်ဝေ . . . မင်းကို ဦးလေး သိပ်ကျေးဇူးတင်သကွာ၊ ခုလို စောင့်ရှောက်တဲ့ စိတ်မျိုးထားတာ၊ ဒီလိုမှပေါ့၊ ကိုင်း . . . မင်းပြန်ချင်ရင်



www.burmeseclassic.com

www.burmeseclassic.com



တားယူသွား" ဟုပြောဆို၍ ထသွားလေသည်။

အတင့်သည် ကျွန်တော့်ဘက်သို့ ပြုံးပြုံးကလေးလှည့်၍ကြည့်တာ . . .

"ဒါတောင် ဝင်တားဦးမလို့ဟာင်း . . ." ဟု ရန်တွေ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## (၄၁)

## နောက်ဆက်တွဲ၏ နောက်ဆက်တွဲ

ထိုညက အိမ်သို့ပြန်ရောက်၍ အိပ်ရာထဲသို့ ဝင်မိသည့်တိုင်အောင် အိပ်မရဖြစ်နေ၏။

များနေသမျှသော စိတ်အလုပ်ထဲတွင် အတင့်၏ဖခင်တို့ ပြောကြသော စကားများနှင့် ထိုသို့ပြောကြရာတွင် တွေ့မြင်ခဲ့ရသော အမူအရာများသည်သာ အထူးတလည် ရစ်ဝဲမြူးမှုံ့ အတန်တန်ကျက်စားနေကြ၏။

ထိုစကားရပ်တို့မှ ထွက်ပေါ်လာသော အရေးကြီးသည့်အချက်တစ်ချက်မှာ သံကို တူဖြင့် ဆက်ကာဆက်ကာ ထုနက်နေသည့်ပမာ တဖိုင်းဖိုင်း မြည်နေလေသည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်မှာ ကျောင်းကော်မတီအစည်းအဝေးတွင် ဆရာကြီးနှင့် လှမောင်တို့အဖေ ဦးပြားကြီးတို့ လူသိုက် သဘောကွဲလွဲသော ဦးပြားကြီး တို့က လှမောင်ကို ကျောင်းနုတ်ရန်ပင်မက အခြားကျောင်းသားများကိုပါ နုတ်ထွက်အောင် ဆွဲခေါင်ခဲ့လျှင် ဦးပြားကြီးတို့ လူသိုက်မှာ မြို့ပေါ်၌ ဩဇာညောင်းသူများဖြစ်သောကြောင့် အောင်မြင်သင့်သလောက် အောင်မြင်မည်ကား မုချပင်။

အခြားကျောင်းသို့ ကူးပြောင်းခြင်းဖြင့် ပညာသင် မနစ်နာဟု လွယ်လင့်တကူ ထင်မြင်စေနိုင်မည်ဖြစ်သော်လည်း ကျွန်တော်တို့ ကျောင်းမှာ ထိခိုက်မည်ကား အမှန်ပင်ဖြစ်၏။ မှားမှားမှန်မှန် ကျောင်း သားတစ်သုတ် ရုတ်တရက် ထွက်ကုန်သည်ဆိုသောသတင်းသည် မည် သည့်နည်းနှင့်မျှ ကောင်းကျိုးဖန်တီးမည့် သတင်းမဖြစ်နိုင်ချေရကား ထို သတင်း, ထိုလာမည့်ဘေးကို ကာကွယ်ရန် အကောင်းဆုံးသောနည်းကို ရှာကြံစဉ်းစားနေမိလေသည်။

နောက်ဆုံး၌ ကောင်းဆုံးသောနည်းသည် အလွယ်ဆုံးနည်း ဖြစ်နေ သည်ကို တွေ့ရ၍ များစွာစိတ်သက်သာရာရမိသွားလေသည်။

ထိုသို့စိတ်သက်သာရာရမှုပင်လျှင်လည်း ကျွန်တော့်မှာ ကောင်း စွာ အိပ်ပျော်ခြင်းသို့ ရောက်နိုင်တော့လေ၏။

နံနက်မိုးလင်းလျှင် ကျွန်တော့်အဆုံးအဖြတ်ကို မိဘများအား ပြောပြကာ ထိုအတိုင်း ဆောင်ရွက်ပေးပါမည့်အကြောင်း တောင်းပန် ပြောဆိုရလေ၏။

မိဘများမှာ ဤသားတစ်ယောက်တည်းဖြစ်၍ ဘာမဆိုအလိုလိုက် ထားသည်ဖြစ်သောကြောင့် ဤအချက်တွင် အလိုလိုက်ရန်လည်း ဖောင့် နေးကြဆဲ ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

(၄၂)

"ငါ့သားကြီး ခုလိုဆုံးဖြတ်တာဟာ ကောင်းပါတယ်ကွာ၊ အဆင်ခြင်ဉာဏ် ရှိတာကို ပြတာပဲလေ၊ အဆင်ခြင်ဉာဏ်ဆိုတာ တန်ဖိုးရှိတယ်၊ အကြားအမြင်ဆိုတာက လိုချင်ရင် လမ်းဘေးက ခွေးသေးပန်းပင်လို ရနိုင်တာပဲ"

"တို့အတွက်တော့ ကျောင်းကထွက်လည်း အရေးမကြီးပါဘူး၊ ပညာဟာ အရေးကြီးပါရဲ့၊ ဒါပေမယ့် ခုကာလ အတန်းပညာမျိုးဆိုတာ လူတွေ တည်ထောင်ထားတဲ့ စီးပွားရေးလောကကြီးထဲမှာ လခ ဘယ်လောက်ရစေတော့ သတ်မှတ်ပေးထားတဲ့ပုံစံခွက်နဲ့တူနေတယ်၊ ရှိပါစေကွာ၊ ကျောင်းဂုဏ် မထိခိုက်အောင် ထွက်ပေးတာကောင်းပါတယ်"

ဖခင်က ကြည်ကြည်သာသာ ခွင့်ပေးသောကြောင့် အားရဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ ထွက်စာရေးပြီးလျှင် အိမ်နီးချင်း ကျောင်းသားတစ်ယောက်နှင့် လှမ်းပေးလိုက်သည်။

ညနေ ကျောင်းဆင်းချိန်၌ ထိုကျောင်းသား၏ လက်တွင် စာ တစ်စောင်ပါလာ၏။

အတန်းဆရာက ကျွန်တော့်ကို တွေ့ချင်သေးသည့်အကြောင်း၊ ဆရာကြီးကလည်း တွေ့ချင်ကြောင်း ဆက်ဆက်လာရန် မှာကြားသော ဆရာထံမှ စာဖြစ်သည်။

ညဦးယံတွင် အတင့်တို့အိမ်မှ ကားလွှတ်ခေါ်ခိုင်း၍ လိုက်သွား ရ၏။

ကျောင်းထွက်လိုက်ခြင်းနှင့်ပက်သက်၍ အတင့် မည်ကဲ့သို့ ထင်မြင် ယူဆမည်ကို အဖြေသိလိုခဲ့သည်မှာ ထွက်စာကျောင်းသို့ ရေးမပေးမီ တပင် ဖြစ်သည်။

ယခု သိရှိရတော့မည့်ဆဲဆဲ ဖြစ်သောအခါ သိလိုစိတ်မှာ ပို၍ ထက်သန်လာခဲ့သည်။

"အခုလိုနဲ့ ပြီးသွားမှာကို အတင့်လည်း ကြိုက်တယ်မဟုတ်လား"

"ပထမတော့ မကြိုက်ဘူး၊ အတင့်သဘောကတော့ လာမယ့်ဘေး ပြေးတွေ့လိုက်ချင်တယ်၊ တစ်ခုခုဖြစ်လာရင် ရှောင်ရှောင်သွားတာတော့ မကြိုက်ဘူး၊ ဘာအကြောင်းနဲ့ ရှောင်ရှောင်ပေါ့လေ"

"နောက်တော့ကော. . ."

"နောက်တော့ ဖေဖေ့ဆီက ဆရာကြီးပြောတဲ့စကားတွေ ကြားရ ပြန်တော့လည်း ကျေနပ်သလောက် ကျေနပ်ရတော့တာပေါ့"

"မကျေနပ်သလောက် မကျေနပ်ဘူးပေါ့"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာယ်ဟာကိုလဲ"

"အတင့်ကို မပြောတာကို"

"ဩော် . . ."

ကျွန်တော့်မှာ ထုချေရန်ခက်လှချေ၏။

www.burmeseclassic.com

www.burmeseclassic.com

# (၄၃)

ဩော် . . . ဗဟိစ်ခွန်းသာ ထွက်နိုင်လျက် ဘာဆက်ပြောရမည်မသိ၊ စိတ်ညစ်စွာဖြင့် စဉ်းစားနေမိ၏။

"မပြောတာ ရှိပါစေတော့၊ ဘာကြောင့် အတင့်ကို မပြောနိုင်ရတာလဲ"

ဟု အတင့်ကမေးရာ ဤစကားသည် စိတ်ဆိုးသော်လည်း စိတ်ပြေရန် လျှောက်လဲဖို့ကာသာ ခွင့်လမ်းဖွင့်ပေးခြင်းဖြစ်သည်ကို တွေ့ရသည်နှင့် ဝမ်းမြောက်ဝမ်းသာပင်။

"အခုန အတင့်ကို ပြောသလိုပဲ တစ်ညလုံးစဉ်းစားပြီး မနက်ကျမှ ဆုံးဖြတ်ချက်ချနိုင်လို့၊ နောက်တစ်ကြောင်းကတော့ ပထမတစ်ကြောင်းဆက်ပိုပြီး ဟုတ်လည်းဟုတ်တယ်၊ ခိုင်လည်းခိုင်လုံတယ်၊ ဘာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အတင့်ကို တိုင်ပင်ပါပြီတဲ့၊ အတင့်ဘာပြောမလဲ၊ ထောက်ခံမလား ဖျက်မလား၊ အဲဒါ စဉ်းစားမိတယ်"

"ဖျက်မှာပဲလို့ထင်တယ်၊ အတင့်နဲ့တောင် ဒီထွက်စာကို ပေးခိုင်း လိုက်မယ် စိတ်ကူးမိသေးတယ်၊ နောက်မှ မဖြစ်ဘူးကန့်ကွက်နေဦးမယ်၊ နောက်မှသိစေတော့ ဆိုပြီး မပြောဘဲနေတာပါ"

"အဲဒါ တမင်ပြောတာပါ"

"ဟုတ်တယ်"

"အဲ့ဒါ ကောင်းသလား"

အတင့် စိတ်ဆိုးနေသည်ဆိုရမည်ကလည်း မျက်နှာတလေးမှာ အလွန်ချို၍ တောက်ပြောင်လှပသော မျက်လုံးကလေးမှာ ပြုံးရယ်နေ သောကြောင့် ထိုသို့ မဆိုသာ၊ စိတ်မဆိုးဘူးဆိုရအောင်လည်း အသံ ကလေးမှာ အထန်ငယ်မာလျက် နှုတ်ခမ်းကလေးစူသယောင်ယောင် ရှိနေခြင်းကြောင့် ထိုသို့မဆိုသာဖြစ်နေပေ၏။ အဲဖြေရကျပ်ကာ မဖြေ လျှင်လည်း မဖြစ်။

"အဲဒါစိတ်ဆိုးသလား"

"ဘယ်သူ စိတ်မဆိုးပဲ ရှိမလဲ၊ ဒီလောက်ခင်မင်နေပြပြီး မပြော ဘဲထွက်တာ"

www.burmeseclassic.com

www.burmeseclassic.com

## (၄၄)

အတင့်သည် ခေါင်းငုံ့ကာ ကြမ်းခင်းမွေးရှည်ကော်ဇောကို ခြေချောင်းကလေးများဖြင့် ပွတ်သပ်နေသည်။

ဘယ်အချိန်က ဘုရားရှိခိုးပြီးသွားသည်မသိ။

"မောင်ဝေ ရောက်နေပြီကိုး"

ဟု အတင့်၏ဖခင်အသံကြားမှ လှည့်ကြည့်လိုက်သည်။

"သိပ်မကြာသေးပါဘူး ဦးလေး"

ဟု ဖြေပြောရင်း အတင့်ကိုကြည့်လိုက်ရာ၊ အတင့်သည် ခေါင်းအောက်သေးဘဲ ကော်ဇောကို ခြေချောင်းကလေးများဖြင့် ပွတ်သတ်ပြီး ပွတ်သတ်နေသည်ကို တွေ့ရသည်။

"အတင့်ဆီက ကြားပြီးရောပေါ့၊ မင်းကိုဆရာကြီးက ညပ်နှမြော



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲ၊ မစူးမရဲကြီးဖြစ်နေတယ်၊ ဆရာကြီးက မင်း ၁၀ တန်းကို အလွတ်ဝင်ဖြေခိုင်းမယ်၊ သူစီစဉ်ပေးမယ်ပြောလိုက်တယ်'

ဦးလွန်းဘော်သည် စကားရပ်ကာ အတန်ငယ် ရပ်တန့်ဆိုင်းတွေနေပြီးလျှင် . . .

"အဲဒါ မင်းဘယ်လိုသဘောရသလဲ"

ဟု ဆက်မေးလိုက်၏။

"ဆရာကြီးပြောတာကောင်းသားပဲ ဦးလေး၊ ကျွန်တော်လည်း အတန်းကျောင်း ဆက်မနေချင်တော့ပါဘူး"

အတင့်တို့ဖခင်၏ ထိုအချိန်က မျက်နှာရိပ် မျက်နှာကဲကို ခတ်လိုက်လျှင် သူမေးသောအဖြေကို ကျွန်တော် ရုတ်တရက် ဖြေစွမ်းနိုင်လိမ့်မည်မဟုတ်ဟု ယူဆဟန်ရှိသည်။ အတင့်ပင်လျှင် ခေါင်းကလေး ငုံ့နေရာက ဆတ်ခနဲမော့လိုက်ကာ . . .

"ဖြေနိုင်ဖြေ . . . ရော့"

ဟု ကျွန်တော့်အား အကဲစမ်းသကဲ့သို့ ကြည့်လိုက်သည်။

"လူတွေ ကောင်းကျိုးခံစားခွင့်ရဖို့ အသုံးချမှာပဲ"

ဟု လျှင်မြန် သွက်လက်စွာ ဖြေကြားလိုက်လေရာ နှစ်ယောက်စလုံးပင် ကျွန်တော့်အား အံ့ဩတွေဝေစွာ ကြည့်နေကြလေ၏။

သမီးဖြစ်သူက ဖခင်ဖြစ်သူထက် ပိုမိုအံ့ဩသွားလေသလော၊ ဖခင်က သမီးထက် ပို၍အံ့ဩသွားလေသလော၊ နှစ်ယောက်သား ကျွန်တော့်ကို မမြင်ဖူးသည့်အရာမျိုးဖြင့် စူးစိုက်ကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## (၄၅)

အမိပ္ပါယ် နားလည်သွားသည့်အရိပ်အယောင်သည် သမီးဖြစ်သူ၏ မျက်နှာပေါ်သို့ ဦးစွာပထမဖြတ်သန်းကာ နီမြန်းသော အထက်နှုတ်ခမ်းကလေး၏ တစ်ဖက်တစ်ချက်ပေါ်သို့ သွားရောက် ခိုနားလျက် မြူးဖွးသော သွားကလေးများ ဖွင့်တပွင့် ပေါ်ထွက်လာသည်အထိ နှုတ်ခမ်းထောင့်က လေးနှစ်ဖက်ကို မနိုင်တနိုင်ဆွဲ၍ ပင့်တင်နေလျက်ရှိသည်။

ဘယ်အချိန်က နဖူးကြောရှုံ့၍ အချင်းချင်း ဝင်ရိုက်နေကြမှန်း သိလိုက်ရသော မျက်ခုံးမွေးနှစ်ခုသည် တစ်ခဏကြာမှ သူ့နေရာသူ ပြန်ရောက်သွားကာ အတင့်ဖခင်၏မျက်နှာမှာ နဂိုအတိုင်းရှင်းလင်းကြည်လင်သွားလေသည်။

— သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပြော်. . မင်းဥစ္စာက နိုင်ငံရေးပဲ"

ဦးလွန်းဘော်သည် ကျွန်တော်အား ဖြေရှင်းခြင်းထက် သူ့ကိုယ်သူ ပြန်ရှင်းနေသောအမူအရာဖြင့် ပြောလေသည်။

"ဟုတ်ကဲ့. . . လူအများရဲ့အရေးဟာ နိုင်ငံရေးပဲ၊ နိုင်ငံရေးဆိုတာ လူအများရဲ့ အရေးထက် ကိုယ့်တစ်ယောက်ရဲ့အရေး ကိုယ့်အဖွဲ့တစ်ခုတည်းရဲ့အရေးကို လုပ်ရင်တော့ လူများအတွက် ကောင်းကျိုးဖြစ်အောင် လုပ်ရမယ်ဆိုတဲ့ နိုင်ငံရေးသဘောတရားကြီးကို အလွဲသုံးစားရာကျတာပါပဲ"

အတင့်၏ဖခင်မျက်နှာပေါ်တွင် ပြောင်းလဲသည့်အမူအရာ တစ်စုံတစ်ရာ မတွေ့ရ။ အတင့်၏-နှုတ်ခမ်းအစွန်ကလေးတစ်ချက်တွင် ခိုနားကာ အထက်သို့ ပင့်ထင်ဖို့က တစ်ခဏကကြိုးပမ်းနေကြသော အရိပ်အယောင်ကလေးများသည်သာ ယခု လုံးဝအနိုင်ရသွားကြကာ အထက်နှုတ်ခမ်းကို အထက်သို့ဆွဲ၍ ပင့်တင်နိုင်ရုံမျှမက အောက်နှုတ်ခမ်းကိုပင် နေရောင်ရင့်၍ ပွင့်အာခြင်းပြုရသော ပန်းကလေးကဲ့သို့ အောက်သို့ ဖယ်တွန်းဖွင့်လှန်ပေးနိုင်ကြသည်။

နှုတ်ခမ်းကလေးနှစ်ခု တစ်ခဏ ပွင့်အာသွားပြီးနောက် မထိတထိ ပြန်၍ ပွင့်အာသွားကြ၏။

မထိတထိ ထိကြရာ၍ 'သဘောတရားတွေ' လာပြန်ပြီဟု ပြောနေကျ ပြောကြားသလိုလို ထင်မြင်လိုက်ရသောကြောင့် ကျွန်တော့်မှာ မလုံသကဲ့သို့ ပြန်၍ပြုံးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၆)

"အင်း . . . နိုင်ငံရေး သဘောတရားကြီးက တယ်ကျယ်ဝန်းတာ အလား၊ တကယ်လုပ်မယ်ဆိုတော့ သမုဒ္ဒရာကို လက်ပစ်ကူးသလို အလုပ်မျိုးပဲ"

ဦးလွန်းဘော်က ညည်းညည်းတွားတွားကြီးပြောလျက် . . .

"နို . . . မောင်ဝေက ဒီသဘောတရားကို ဘယ်နေရာဘယ်ကစပြီး လုပ်မယ် စိတ်ကူးသလဲ" ဟု ကောက်မေးလိုက်သည်။

သူ၏မျက်လုံးများမှာ သာမန်အခါထက်ပို၍ တောက်ပြောင်စူးရှလာသည် ထင်ရသည်။

အတင့်သည် ကြားရလတ္တံ့သောအဖြေကို နားနှင့်သာမဟုတ်ဘဲ ဈာန်နှာတစ်ခုလုံးဖြင့် ခံယူနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တော်ပေးရမည့်အဖြေကို ဤပရိသတ်ကြီးနှစ်ဦးရှေ့၌ ပေးရတော့မည်ဖြစ်၍ စိတ်အားထက်သန်ခြင်းဖြင့် တစ်ကိုယ်လုံး မြင်းအကောင်တစ်ရာအား တပ်ဆင်ထားသောစက်ကဲ့သို့ သွက်သွက်ကြီး ခုတ်မောင်းကာ ခုန်ချင်ပျံချင် ဖြစ်နေလေ၏။

အဘယ်မျှလောက် ရှေ့သို့လျှောက်ပြောလိုက်မိဦးမည်မသိ၊ အတင့်အဖေ တကြားဖြတ်လိုက်ပြီးလျှင် . . .

"ဒီတော့ မင်းက ဘယ်နည်းကို လိုက်မယ် စိတ်ကူးသလဲ ဆိုစမ်းပါဦး"

ဟု မေးလိုက်သည်။

"ကျွန်တော်လား ကျွန်တော့် ဒုတိယနည်းပဲ ကြိုက်တယ် ဦးလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com

## (၄၇)

ဦးလွန်းဘော်မှာ တစ်စုံတစ်ရာ အမူအရာ မထူးခြား။ အတင့်၏ မျက်နှာတွင်သာ ထူးခြားသွားသည်။

မျက်မှောင်ကလေးကြုတ်သွားလျက် တင်းမာသွားသည်ဟု မှတ်ထင်ရသည်။

အဘယ်ကြောင့် ထိုမျက်မှောင်ကလေး ပေါ်ထွက်ရသည်ကို နားမလည်နိုင်ဘဲ ရှိဘိ၏။

"ဒုတိယနည်းကြိုက်တော့ မင်းသဘောက ဘယ်ကစမယ်မှန်းလဲ ပြောစမ်းကွာ"

"တတယ်ကို ထိထိရောက်ရောက်နဲ့ ပေါက်ပေါက်မြောက်မြောက် ကျော်ချင်ရင် အထက်ပိုင်းကို မတက်ဘဲနဲ့ အောက်ပိုင်းကို ဆင်းခြေရ



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်၊ အောက်ဆုံးပိုင်းမှာ အခြေခိုင်ခိုင်ကြီး ပြုပြင်လုပ်ကိုင်နိုင်မှ အပေါ်ပိုင်းတွေဟာ ကြန့်ရရလည်းတည်တံ့နိုင်ပါလိမ့်မယ်၊ အပေါ်က လောက်သာ လုပ်နေရုံနဲ့လဲ ဘယ်တော့မှ အောက်ခြေကို ထိထိ ရောက် ရောက် မရောက်နိုင်ပါဘူး"

ကျွန်တော် ရှင်းလင်းပြောပြနေသည့်တိုင်အောင် အတင့်မှာ မျက် မှောင်ကြုတ်လျက် အားမရသကဲ့သို့ ကြည့်နေသည်ကို တွေ့ရသည်။

ဦးလွန်းဘော်လည်း ဆေးပြင်းလိပ်ကြီးကို မီးညှိပြီး အားရပါးရ ဖွာရှိုက်လျက်. . .

"ဒီတော့ မင်းသဘောက အောက်ဆုံးကဗင်ပြီး လုပ်မယ်ဆိုတဲ့ သဘောပေါ့"

"မှန်ပါတယ်"

"အင်း. . . လမ်းကတော့ တော်တော်ကြီးကို ရှည်မှာပဲ"

"ဟုတ်တယ်. . . အထက်ပိုင်းက ဖြတ်လမ်းတော့ ဖြတ်လမ်းပါပဲ၊ ဒါပေမယ့် ဘယ်မှာမှ အဲဒီဖြတ်လမ်းအတိုင်းလိုက်လို့ တကယ့်အောက် ခြေကို မရောက်ဘူးသေးပါဘူး"

"မင်းပြောတာက ဟုတ်ပါရဲ့၊ ဒါပေမဲ့ တစ်ဖက်တစ်လမ်းတည်းနဲ့ လုပ်လို့ဖြစ်မယ်လို့ ဆိုနိုင်မလား"

"မဆိုနိုင်ပါဘူး ဦးလေး"

ဤမေးခွန်းကို မေးလိုက်မှ မျက်မှောင်ကြုတ်ထားသော အတင့်၏ မျက်နှာပေါ်၌ ခေါက်တုံ့ပြန် လမ်းသလားနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၈)

ယခုမှ အတင့်ဘယ်နေရာတွင်အလိုမကျဖြစ်သွားသည်ကို ခန့်မှန်းနိုင်တော့လေသည်။

ကျွန်တော် နိုင်ငံရေးအယူအဆ သဘောတရားများသည် အဘယ်တစ်ဦးတစ်ယောက်သော မိန်းမပျိုကလေး၏ မျက်မှောင်ကြုတ်ခြင်းအရိပ်အယောင်အောက်တွင်မှ မှန်မှားသွားခြင်းကို မခံဘဲ ပကတိ ပြတ်သားစွာ ထင်ပေါ်နေကြပြီး ဖြစ်၏။

"အကြောင်းနှစ်ကြောင်း ရှိပါတယ်၊ တစ်ကြောင်းက အောက်ဘက်က အလိုက်သိပ်နည်းနေလို့ပါ၊ နောက်တစ်ကြောင်းကတော့ အထက်ဘက်က သိပ်အလိုက်များနေကြလို့ပါ။ အထက်ကနေပြီး အောက်ကိုရောက်ကို မရောက်နိုင်တော့ အောက်ကနေပြီးမှ အထက်ကို ထိ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖို့ စနစ်လိုက်ဖို့လိုပါတယ်”

“မင်းပြောတဲ့လမ်း[illegible]ကြည့်တော့လည်း မှန်တာပဲကွယ့်၊ ကောင်းပါကွယ့် [illegible] သတ္တဝါတွေရဲ့ ချမ်းသာရာ ချမ်းသာကြောင်းကို ရှာတယ် ဆိုတာဟာ လူသားမှန်ရင် လူတိုင်းလုပ်နိုင်ခဲ့တဲ့ အလုပ်မျိုး မဟုတ်ဘူး၊ [illegible] တွေ လုပ်နိုင်ခဲ့တဲ့ အလုပ်ကို မင်း လုပ်ချင်တယ် ဆိုတာ အခင်မတန်ကို ကောင်းပါတယ်၊ ဒီည ဦးလေးက မောင်ဝေ ကျောင်းထွက်ရင် အလုပ်တစ်ခု [illegible]ရာချထားမလားလို့ ခေါ်မေးမယ်လုပ်တယ်၊ မင်းမှာ ကိုယ့်စိတ်ကူးနဲ့ကိုယ် ပြဋ္ဌာန်းပြီးသား ရှိနေတော့ ဦးလေးဉစ္စာကိုတောင် ပြောဖို့မလိုတော့ဘူး၊ မင်းရဲ့မှန်းထားတဲ့ လုပ်ငန်းကြီးနဲ့ဆိုတော့ ဦးလေးရဲ့လုပ်ငန်းက စကားထဲတောင် ထည့်ပြောနိုင်စရာမရှိပါဘူး။

“လုပ်ကြ၊ ကိုယ်သန်ရာ လုပ်ကြ၊ ဒီလိုမှ ဦးလေးတို့ပြည်မှာ တရားသဖြင့် လုပ်ကိုင်စားသောက်ရကျိုးနပ်မှာပဲ၊ မင်းဆရာကြီးကလည်း မင်းကို သိပ်အားထားပုံရတယ်၊ သွားတွေ့လိုက်ဦး”

ဦးလွန်းဘော်သည် ကုလားထိုင်ပေါ်မှထလျက် ကျွန်တော့်အား စိမ်းစိမ်းကြည့်ကာ အိမ်ပေါ်သို့ တက်သွားလေ၏။

အတင့်သည် ကော်ဖီပွဲကို ဝင်၍ယူလျက် ရှေ့သို့လာချသည်။ ယခင်ညများကဲ့သို့ ရွှင်ရွှင်ပြုံးပြုံးမရှိ။

www.burmeseclassic.com

www.burmeseclassic.com

## (၄၉)

ယခင်ညများကလောက် စကားသွက်လက်စွာ ပြောဆိုခြင်းမပြု၊ ငြိမ်သက်စွာနေခြင်းကိုထောက်၍ တစ်စုံတစ်ခုတော့ဖြစ်နေပြီဟု တွေးမိသည်။

ကျွန်တော်ရွေးချယ်သောလမ်းကို ကေန် အတင့်အလိုမကျဖြစ်၍သာ ယခုလို ငြိမ်သက်နေသည်ဟု စောစောက ထားခဲ့သောခန့်မှန်းချက်သည်ဟု ထင်ဖို့ရှိနေသည်။

ကော်ဖီသောက်၍ တစ်ဝက်ကျသည့်တိုင်အောင် တိုင်ကပ်နာရီကြီး၏ ချက် . . . ချက် . . . ချက်မြည်သံမှတပါး အခန်းထဲ၌ ဘာသံမျှ မကြားရအောင် တိတ်ဆိတ်နေသောကြောင့် သူကမစလျှင် ကျွန်တော်ကပင် စရတော့မည်ဟု ယူဆရကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"အတင့် နေမကောင်းဘူးလား"

ဟု မေးလိုက်၏။

ကျွန်တော်၏မျက်နှာကို လှမ်း၍ လှမ်း၍ ကြည့်နေလျက်သာ အဖြေမပေးသောကြောင့် . . .

"ဟုတ်လား၊ အတင့် နေမကောင်းလို့လား"

ဟု ထပ်၍မေးရ၏။

ထပ်မေးမှ ခေါင်းကလေးကို ခါဖော်ရသည်။

နှုတ်က ဖွင့်ဟ၍ တစ်စုံတစ်ရာ မဆိုမပြောလုပ်နေပြန်သောကြောင့် "ဘာလဲ၊ ကိုဝေပြောတာ သဘောမကျလို့လား၊ ဘယ်စကားကို သဘောမကျတာလဲ . . . ပြောလေ အတင့်၊ အတင့်သဘောကို ကိုဝေ နားထောင်ချင်တယ်"

ဟု တိုက်တွန်းရ၏။

"ကိုဝေ. . . အဟုတ်ပဲ အခုပြောသလို လုပ်မလို့လား"

ဟု တုန်ရင်သောအသံကလေးနှင့် မေးလေသည်။

"ဟုတ်တယ်လေ အတင့်၊ ကိုဝေ လုပ်တာ အတင့် သဘောမကျဘူးလား"

ဟု ပြန်မေးသည့်အခါ ကျွန်တော်မေးသောစကားမှာ ကျွန်တော် ရည်ရွယ်သည်ထက် မြန်ဆန်သွက်လက်လှသည်ကိုသတိပြုမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၅၀)

"မကျလို့တော့ မဟုတ်ပါဘူး၊ ကိုဝေသဘောတရားတွေကို အတင့် တို့က ဘာနားလည်လို့ မကျရမှာလဲ"

"နို့ . . . ဘာဖြစ်သလဲ၊ ပြောပါဦး အတင့်ရယ်"

"သဘောမကျလို့တော့ မဟုတ်ပါဘူး"

ဟူ၍သာ ထပ်ပြောလိုက်ပြီးနောက် အတင့်သည် ရှေ့သို့စကား ဆောက်ဘဲ ငြိမ်သက်နေသည်။

ထပ်၍ မေးရပြန်၏။

အထပ်ထပ် မေးရပြန်လေ၏။

"သဘောမကျလို့တော့ မဟုတ်ပါဘူး၊ နှမြောလို့ပါ" ဟု ဖြည်းလေး စွာ တဲစ်ခွန်းခြင်း ဖြေကြားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို နှမြောတာလဲ"

ဟု အတင့်သည် ဆက်မဖြေချင်တော့သကဲ့သို့ ခပ်ဆတ်ဆတ် ကလေး ပြောလိုက်၏။

"မဟုတ်ဘူးလေ၊ ဘာနဲ့စာရင် ဘယ်လို အကျိုးယုတ်လို့ ဘယ်လို နှမြောတယ်ဆိုတာဟာ ဒီကိုလာဦးမယ် မဟုတ်လား"

အတင့်သည် မျက်လုံးကလေးကိုလှန်၍ မျက်စောင်းကလေး တစ်ချက် ချီကြည့်လိုက်ကာ. . .

"အဲဒီ အခုလိုပြောတတ်တဲ့ အရည်အချင်းတွေကို တောထဲမှာ သွားအသုံးချမယ်ဆိုတာ ဘယ်သူမနှမြောဘဲရှိမလဲ၊ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်ဦးလေ၊ လူ နှစ်ယောက်ဟာပြတင်းပေါက်တစ်ပေါက် တည်းကနေပြီး အပြင်ဘက်ကြည့်တယ်၊ တစ်ယောက်က မိုးရွာထားလို့ သစ်ပင်တွေ သစ်ရွက်တွေ ဖုန်မလိမ်းဘဲ စိမ်းစိုပြီး လန်းဆန်းနေတာ ကို မြင်ပြီး လောကရဲ့သာယာမှုကို အရသာခံလိုက်တယ်"

"တခြားတစ်ယောက်ကတော့ အဲဒီမိုးရွာထားလိုပဲ ရွှံ့ဗွက်ကြီး ပေါက်နေတာ ကိုမြင်ပြီး လောကကြီးရဲ့ညစ်ပတ်ပေရေမှုကို နှာခေါင်း ရှုံ့တယ်၊ ဒီလူနှစ်ယောက်ဟာ တစ်နေရာတည်းကနေပြီး တစ်နေရာ တည်းကို ပြိုင်တူကြည့်ကြတာပဲ၊ ဒါပေမဲ့ မြင်တာက တခြားစီ မြင်နေ ကြတယ်၊ ရွှံ့သမားဟာ သစ်ပင်စိမ်းကို မြင်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com

## (၅၁)

"သစ်ပင်စိမ်းသမားဟာ ရွံ့ဗွက်ကြီးကို မြင်နိုင်တာပဲ၊ ဒါပေမယ့် မမြင်ကြ ဘူး၊ ဒါဟာ အကြည့်လွဲတာ မလွဲတာကိုပြတာပဲ၊ အကြည့်လို တာ မလိုတာကို ပြတာပဲ၊ အထက်တန်းရယ် အောက်တန်းရယ်လို့ နှစ်မျိုးရှိတယ်"

"အထက်တန်းက မြင်တဲ့လူဟာ အထက်တန်းကိုတက်၊ အထက် တန်းတနေပြီး အထက်တန်းကျကျ လုပ်နိုင်၊ ကိုင်နိုင်၊ ပေးနိုင်၊ ကမ်းနိုင် အောင် ဆောင်ရွက်စီမံနိုင်တယ်၊ အောက်တန်းကိုမြင်တဲ့သူသာ အောက်တန်းကို တိုးပြီး အောက်တန်းကျကျ လုပ်ကိုင်ရမယ်"

"တကယ်လို့ ပေးနိုင်ကမ်းနိုင်တောင် အောက်တန်းကျကျပဲ ပေးကမ်းနိုင်မယ်၊ ဒီတော့ လူထုကြီးထဲကို ဝင်တိုးပြီးလုပ်မှရနိုင်မလား"

"ဒါမှမဟုတ် အဲဒီလူထုကြီးနဲ့ ခွာပြီးမှ အများဆုံး တွင်ကျယ် အောင် လုပ်ပေးနိုင်မလား၊ အဲဒါစဉ်းစားဖို့ကောင်းတယ်ထင်တာပဲ၊ အတင့်



www.burmeseclassic.com

www.burmeseclassic.com



တတော့ ကိုဝေတို့လို နိုင်ငံရေးညာဏ်မမီဘူးပေါ့၊ ကိုယ်စိတ်ကူး မိရာ ပြောရတာပဲ"

အတင့်သည် ခေါင်းကုလေးကို ပြန်ငုံ့လိုက်ခြင်းဖြင့်ပြောလိုရာ ပြောတော့ဟု အညှာခံနေသကဲ့သို့ မှတ်ထင်ရသည်။

အတင့်ပြောသော သဘောတရားသည် စင်စစ်မမှားသည်ကို ဝန်ခံနိုင်သည်။

(ယခု ဤမှုလောက် နှစ်ပရိစ္ဆေဒ ကြာမြင့်၍ ထိုအချိန်ကာလမှ ယခုအချိန်အထိ ဖြစ်ပျက်ခဲ့သောအကြောင်းထုပ္ပတ်တို့ကို ပြန်လည်စဉ်းစားလိုက်သောအခါ အတင့်ပြောသောစကားသည် ကျွန်တော် ဝန်ခံနိုင်သည်ထက် ပို၍ဟုတ်မှန်နေသည်ကိုတွေ့ရ၏။)

သို့သော် ကြည့်ရှုထောက်ထားရမည့်အရာမှာ သူတစ်ပါးမလုပ်သည့်အတက်တွင် အရေးတကြီးလုပ်ဖို့လိုသောအရာသာလျှင်ဖြစ်ရာ အတင့်ပြောသော သဘောတရားများကို မမှားမှန်းသိလျက်နှင့်ပင် ဒွတ်မိုက်၍လက်မခံနိုင် ရှိခဲ့လေ၏။ ဒွတ်မိုက်၍ ငြင်းနေရန်လည်း အလိုမရှိ ဖြစ်နေလေ၏။ သို့ဖြစ်၍ ထိုအကြောင်းကို မပြောတော့ဘဲ စကားလွှဲလိုက်ကာ . . .

"အတင့်တို့ ဖေဖေက အခုနပြောတယ်၊ ကိစ္စရှိလို့ဆိုတာ ဘာကိစ္စလည်း . . ."

"အတင့် အဲဒါတော့မသိဘူး၊ ဖေဖေလည်း မပြောဘူး၊ နို့ ကိုဝေဆရာကြီးက အကြံပေးသလို (၁၀)တန်းအလွတ်ဝင်ဖြေမယ် မဟုတ်လား"

"ဒါစဉ်းစားရမှာပဲ၊ အချိန်လည်း အပုံကြီးလိုပါသေးတယ်၊ ဒီကြားထဲ ဘယ်လိုဖြစ်ဦးမယ် မသိသေးဘူး၊ မဖြေဘူးဆိုရင် ဆရာကြီးက ဘာပြောဦးမယ် မသိဘူး"

"အို . . . ဆရာကြီးကတော့ ကိုဝေ ဘာလုပ်လုပ် ပြောပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလဲ မဟုတ်ပါဘူး"

"ဟုတ်ရမယ်၊ ဟုတ်တယ်၊ ကိုဝေ မသိသေးလို့"

"ဘာများလဲ"

အတင့်သည် စဉ်းစားနေ၏။

ပြောရကောင်းနိုးနိုး၊ မပြောရကောင်းနိုးနိုး စဉ်းစားချိန်ဆ နေဟန်ရှိ၏။

မျက်နှာမှာကား ပြုံးရွှင်လင်းထိန်နေပေသည်။

"ဟင် . . . အတင့် ဘာများလဲ ပြောစမ်းပါဦး"

အတင့်သည် မပြောသေးဘဲ ပြုံးစနဲ့နဲ့လုပ်နေလေ၏။

"ပြောစမ်းပါ အတင့်ရဲ့ ဘာလဲ"

အတင့်သည် ပါးကွက်ကလေးကိုပေါ်နေအောင် ပြုံးရယ်ကာ. .

"ဆရာကြီးက ဖေဖေ့ကိုပြောလိုက်သတဲ့၊ သူ့မှာ သမီးများရှိရင် ဒီလူငယ်ကလေးနဲ့ ပေးစားပါရဲ့တဲ့"

BURMESE CLASSIC

"အို . . ."

ကျွန်တော်သည် လုံးဝမမျှော်လင့်သောစကားကို ကြားလိုက်ရသည့်အတွက် ဘာမျှ ပြန်မပြောတတ်တော့တိုင်း ရှည်လျားစွာ ဆွဲငင်ပြောဆိုမိလေသည်။

အတင့်သည် ဋီကာဖွင့်ရန် အလိုမရှိသတဲ့သို့ တစ်စုံတစ်ရာ မပြောဘဲ ပြုံးမြဲပြုံးနေလေ၏။

အတင့်၏စကားကိုဋီကာဖွင့်ရန် မလိုကရှိစေတော့၊ အတင့်၏ ပြုံးခြင်းမှာ ဋီကာမက ဂဏ္ဌိပါခဲ့၍ ပြန်နိုင်လောက်အောင် အဓိပ္ပါယ် တစ်ပုံတစ်ခေါင်း ရှိနေလေတော့သတည်း။

ဂျာနယ်ကျော်မမလေး

www.burmeseclassic.com

www.burmeseclassic.com

•

- အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့် မုန်တိုင်းတစ်ခုကို အခြေပြု၍ စစ်ရေး၊ နိုင်ငံရေးအလှည့်အပြောင်း၊ ချစ်ခြင်းမေတ္တာ၊ လူသား၏အတ္တ အစရှိသည်တို့ကို အချိတ်အဆက်မိမိ၊ မပျင်းမရိ ရင်သပ်ရှုမော ရေးဖွဲ့ထားသည့် ကမ္ဘာကျော်စာအုပ်ကောင်းတစ်အုပ် . . .
- မုန်တိုင်းအမျိုးအစား အမျိုးမျိုးကို သိပ္ပံနည်းကျ ခွဲခြမ်းစိတ်ဖြာ ရှင်းလင်း၍ ဗဟုသုတများစွာ ရရှိစေနိုင်သော . . .

လေသူရဲတစ်ဦး

၏

# မုန်တိုင်း

## Wyatt's Hurricane

by

**DESMOND BAGLEY**

စာမူခွင့်ပြုချက်အမှတ် - ၁၆၃ / ၂၀၀၁ (၂)

www.burmeseclassic.com

www.burmeseclassic.com

- နိုင်ငံရေးသုခမိန်များ၏အလို . . .
- ခေတ်ကာလယဉ်ကျေးမှု . . .
- အားလျော့နေသောခေတ် . . .
- မြေပုံဟောင်းကိုလိပ်ရန်အချိန် . . .
- ထိုခြေလှမ်းကို မှည်သူတားမည်နည်း . . .

စသည်တို့ဖြင့် ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၃၅ ခုနှစ်မှစ၍ မြန်မာ သတင်းစာဆရာ စာရေးဆရာတစ်ဦးမှ အချက်အလက်ခိုင်လုံစွာဖြင့် ကြိုတင် ဟောကိန်းထုတ်နိုင်၊ သမိုင်းတွင်ရစ်စေမည့် . . .

ဂျာနယ်ကျော်ဦးချစ်မောင်

၏

# ကမ္ဘာကြီးပျက်စီးလုနီးပြီလော

စာမူခွင့်ပြုချက်အမှတ် - ၇၇ / ၂၀၀၁ (၂)

www.burmeseclassic.com